မြကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်၊ တနင်္ဂနွေနေ့၊ (8-8-2004) (၄၃၁၉)

ကာလေန ဓမ္မဿဝနံ တေံ မင်္ဂလ မုတ္တမံ။	သင့်လျော်သော အခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲသို့ တက်ရောက်ကြည်ညို ဆရာတော် သံဃာတော်များအား ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီ ၁၅မိနစ်တွင် အဆိုပါစာသင်တိုက်ကြီး၏ ပြည်လုံးချမ်းသာ မဟာသိမ်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘန၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက်ပဓာန နာယက အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်တို့မှ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးမှ ပဓာန နာယကဆရာတော်၊

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနားတွင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက်ကြီး၏ ပဓာန နာယကဆရာတော်ကြီးအား လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများကို နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၈-၈-၂၀၀၄
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲများကျင်းပ မိုးစပါးများ အောင်မြင်ဖြစ်ထွန်းရေး ဂရုပြုဆောင်ရွက်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများ စားနပ်ရိက္ခာဖူလုံပြည့်စုံပြီး လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးကိုပါ တစ်ပါတည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်က တောင်သူလယ်သမားများ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်တိုးတက်စေရေးအတွက် လိုအပ်ချက်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေလုံလောက်စွာ ရရှိနိုင်ရန် ဆည်မြောင်း၊ တာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော်တည်ဆောက်ပေးလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးတွင် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေး၊ တစ်ဧကအထွက်နှုန်း သိသိသာသာ တိုးတက်ရေးတို့အတွက် နည်းပညာများ ပံ့ပိုးပေးလျက်ရှိသည့်အပြင် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့် သီးနှံမျိုးများ ရရှိရေးကူညီပံ့ပိုးပေးလျက်ရှိသည်။

တောင်သူလယ်သမားများက သီးနှံအထွက်နှုန်း တိုးတက်စေရေး ကြိုးပမ်းရာတွင် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအတွက် ကောင်းမျိုးများသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ပေါင်းစပ်သုံးစွဲရေးနှင့် သီးနှံအလိုက် ရေတော်မိုးတော် စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေးနည်းလမ်းများကို စနစ်တကျ ပေါင်းစပ်ကျင့်သုံး လုပ်ကိုင်လျက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သည် ဩဂုတ်လ ၃ရက်နေ့က ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ကွင်းယားကြီးအရှေ့တန်း ကျေးရွာ၌ ကျင်းပသည့် ဧရာဝတီတိုင်း၏ ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါး ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် စပါးအတန်းလိုက်မျိုးစေ့ချ စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စိုက်ပျိုးရာသီကုန်ချိန်တွင် သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်စွာ စိုက်ပျိုးရေး၊ စိုက်ပျိုးပြီး မိုးစပါးများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး စပါးအတန်းလိုက် မျိုးစေ့ချ စိုက်စွမ်းရည်ပြိုင်ပွဲတွင် ဆုရအသင်းများအား ဆုများချီးမြှင့်ခဲ့သည်။

နိုင်ငံတော်က စပါးစိုက်ပျိုးရေးတွင် တစ်နိုင်ငံလုံး၌ တစ်နှစ်မိုးစပါးဧက ၁၃ ဒသမ ၆၉ သန်း၊ နွေစပါး ဧက ၃ ဒသမ ၃၈ သန်း စိုက်ပျိုးပြီး စပါးတင်းသန်း ၁၂၀၀ ထွက်ရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ၂၀၀၃-၂၀၀၄ ခုနှစ်က မိုးစပါးဧက ၁၃ ဒသမ ၄၃ သန်း၊ နွေစပါးဧက ၃ ဒသမ ၁၀ သန်း စိုက်ပျိုးနိုင်ခဲ့ရာ စပါးတင်းသန်းပေါင်း ၁၁၅၆ သန်း ထွက်ရှိခဲ့သည်။

ယခုနှစ်တွင် နိုင်ငံတော်၏ စပါးစိုက်ပျိုးထွက်ရှိရေး ရည်မှန်းချက်ပြည့်မီရေးအတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအသီးသီးက ကြိုးပမ်းစိုက်ပျိုးလျက်ရှိရာ အချို့ဒေသများတွင် ထွန်တုံးပိတ်ပွဲများ ကျင်းပနိုင်ကြပြီဖြစ်သည်။ ဧရာဝတီတိုင်းအနေဖြင့် မိုးစပါးဧက ၃၅ သိန်းနှင့် နွေစပါးဧက ၁၆ သိန်း စိုက်ပျိုးရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ရေတော်မိုးတော် မိုးစပါးဧက ၃၁ ဒသမ ၈၉ သိန်း စိုက်ပျိုးပြီး ထွန်တုံးပိတ်နိုင်ခဲ့ပြီဖြစ်သည်။

ယခုအချိန်အခါတွင် ဒေသအလိုက် ဝမ်းစာဖူလုံရေးကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြရာ မိမိဒေသ၌ ဆန်စပါး ဖူလုံပိုလျှံရုံမျှမက ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ချမှတ်ပေးထားသော သီးနှံအလိုက် အထွက်တိုးရေး၊ ရည်မှန်းထားသည့် စပါးစိုက်ဧကနှင့် စပါးအထွက်နှုန်းပြည့်မီရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းစိုက်ပျိုးလျက်ရှိကြသည့် နည်းတူ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးပြီး မိုးစပါးများ အောင်မြင်ဖြစ်ထွန်းရေး အထူးဂရုပြု လုပ်ကိုင်ဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ဆင္ဌမအကြိမ် ကမ္ဘောဇသာမဏေကျော် စာမေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၇

တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံ ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ဆဋ္ဌမအကြိမ် ကမ္ဘောဇသာမဏေကျော် စာမေးပွဲကို သီတင်းကျွတ်လပြည့်ကျော် ၇ရက် (နိုဝင်ဘာ ၄ရက်) မှ စတင်၍ သီတင်းကျွတ်လပြည့်ကျော် ၁၃ရက် (နိုဝင်ဘာ ၁၀ရက်) အထိ တောင်ကြီးမြို့ ကျက်သရေဆောင် မြို့လယ် ဓမ္မာရုံကြီး၌ ခုနစ်ရက်တိုင်တိုင် ကျင်းပမည် ဖြစ်သည်။ ပထမဆင့် ဖြေဆိုသူ များသည် သီတင်းကျွတ်လပြည့်ကျော် ၇ ရက်တွင် နှုတ်မေးခွန်း ဖြေဆိုရမည်ဖြစ်ပြီး ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် သုံးဆင့်လုံးအတွက် သဘောရေးဖြေကို သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်များတွင် ဖြေဆိုရမည် ဖြစ်သည်။

စာမေးပွဲဖြေဆိုလိုသောရှင်သာမဏေများသည် ဝင်ခွင့်ပုံစံများ တောင်းယူပြီး ဝါခေါင်လပြည့်ကျော် ၁၄ ရက် (စက်တင်ဘာ ၁၃ ရက်) ထက် နောက်မကျစေဘဲ အတွင်းရေးမှူး ဦးထွန်းအေးလေး မြို့လယ်ဓမ္မာရုံ ဂေါပက အဖွဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်ရပ်ကွက် တောင်ကြီးမြို့ ဖုန်း ၀၈၁-၂၁၆၇၃ သို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်သည်။

(က-ပ)

အာရှသားတွေညီပါစေ

* ညီစေတဲ့ ညီစေ
အာဆီယံ အဖွဲ့ဝင်များ
အာရှသား တို့တစ်တွေ၊
ညီညွတ်ကြစေ
ပေါင်းစုလေ ဝင်လာတစ်အား
တောင်းဆုခြွေ မင်္ဂလာစကား၊
စီးပွားအခြေ တိုးပွားမြင့်စေဖို့
ကြီးမားကာလေ ကြိုးစားခွင့်ကို
တွေးချင့်ကာထား။ ။

* ညီစေတဲ့ညီစေ
မုန်တိုင်းလေ လှိုင်းရေပုတ်သလို
လေ့မြှုပ်မည့် အကြံတွေ
အနောက်နေ ပုဆိန်ရိုးတွေက
အမျိုးမျိုး ကြံစည်နေ
ညီညွတ်စေ အာရှသား၊
အဖျက်ရန် အန္တရာယ်ဘေးကိုလ
တစ်သက်ပန် ကြံရွယ်တွေးလို့
ပေါင်းစည်းစို့လား။ ။

* ညီစေတဲ့ညီစေ
အာရှနေ တို့သွေးသား
ရေးထားတဲ့ မော်ကွန်းပေ၊
ဘယ်သူတွေ ဘယ်လိုပြုစေတော့
မမှုတဲ့ စိတ်ဓာတ်တွေ
ကမ္ဘာကိုလေ သိစေသား
အာရှမြေ သည်စခန်း
တာရှည်ရန် ရည်ကာမှန်းလို့ရယ်
လှမ်းကြစို့လား။ ။

တက္ကသိုလ် တင်ခ

ဖဲကြိုးဖြတ်ဖွင့်လှစ်

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ "အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်"ကို ကန်တော်ကြီးဟိုတယ်၌ကျင်းပရာ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်စံယုံ ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

(၃၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ကြိုဆို အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဩဂုတ် ၇

၂၀၀၄ခုနှစ် ဩဂုတ် ၈ရက်တွင် ကျရောက်မည့် (၃၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေး အသင်းကကြီးမှူး၍ "အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်"ကို ယနေ့နံနက် ၁၀နာရီတွင် ကန်တော်ကြီး ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေး အသင်းနာယကအဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၏ဇနီးဒေါ်စံယုံတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေး အသင်းနာယက အဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ဇနီးဒေါ်လဲ့လဲ့ကြည်၊ ဂုဏ်ထူးဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးများ၏ဇနီးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၏ ဇနီးများ၊ အာဆီယံ နိုင်ငံသံရုံး ဖိလစ်ပိုင်နိုင်ငံ အမျိုးသမီး သံအမတ်ကြီးနှင့် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေး အသင်းဝင် အမျိုးသမီးများနှင့် ရန်ကုန်မြို့ရှိ သံတမန်မိသားစုများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ မိသားစုများ တက်ရောက်ကြသည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၇

စက်တင်ဘာ ၈ရက်တွင်ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၄ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ် အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်လိုသူများသည် "လူတိုင်းအတွက်ပညာရေး" ဆောင်းပါးခေါင်းစဉ်ဖြင့် စာလုံးရေ ၃၀၀၀ထက်မနည်း၊ ၄၀၀၀ထက်မများ ရေးသား ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူကို ကွန်ပျူတာ၊ လက်နှိပ်စက်၊ လက်ရေးကြိုက်နှစ်သက်ရာဖြင့် စာမျက်နှာတစ်ဖက်တည်းတွင်ရှင်းလင်းပြတ်သားစွာ ရေးသားဖော်ပြ၍ စာမူနှစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်းဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ (၁လက်မခွဲ x၂လက်မ) သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာထည့်ပြီး ဦးမြတ်နိုင် ညွှန်ကြားရေးမှူး မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ပြည်လမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ဩဂုတ် ၂၅ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။

စာစီစာကုံးနှင့်ပိုစတာပြိုင်ပွဲကို အဆင့်သုံးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်ရာ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်များတွင် တက်ရောက်နေသောလုပ်ငန်းခွင်အကြို သင်တန်းသားများသည် ဩဂုတ် ၂၂ရက်တွင် ကျင်းပမည့် စာစီစာကုံးပြိုင်ပွဲသို့ "စာမတတ်သူ တို့ဝိုင်းကူ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများသည် ဩဂုတ် ၁၄ရက်တွင် ကျင်းပမည့်စာစီစာကုံးပြိုင်ပွဲသို့ "လူတိုင်း စာတတ်ရမည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများသည် ဩဂုတ် ၁၄ရက်တွင် ကျင်းပမည့် ပိုစတာပြိုင်ပွဲသို့ "လူတိုင်းစာတတ်မြောက်ရေးလူတိုင်းအရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်ကြပြီး ပြိုင်ပွဲဝင်လိုသူများသည် သက်ဆိုင်ရာ ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်များနှင့် မြို့နယ်ပညာရေးမှူးရုံးများ၌ ပြိုင်ပွဲဝင် စည်းကမ်းများကို အသေးစိတ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူ အမျိုးသားပြတိုက်၌ အများပြည်သူကြည်ညိုဖူးမြော်နိုင်ရန် နိုင်ငံတော်ကိုကိုယ်စားပြုပြီး ပြန်လည်လွှဲပြောင်းပေးအပ်

ရန်ကုန် ဩဂုတ် ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိမိထံသို့ အလှူရှင်များလှူဒါန်းထားသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူကို ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ထပ်ဆင့်လွှဲပြောင်းပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိမိထံသို့ အလှူရှင်များလှူဒါန်းထားသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူအား ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ထပ်ဆင့်လွှဲပြောင်းပေးအပ်လှူဒါန်းသည့် အခမ်းအနားကို အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူကို အမျိုးသားပြတိုက်၌ ကိန်းဝပ်စံပယ်အပူဇော်ခံနိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်ထံ ထပ်ဆင့်လွှဲပြောင်းပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ကိုယ်စား ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် တန်ဖိုးကြီးမားသော ရှေးဟောင်းယဉ်ကျေးမှု သာသနိကပစ္စည်းများဖြစ်သည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူကို အလှူရှင်များက မွန်မြတ်သော စေတနာဖြင့် နိုင်ငံတော်သို့ လှူဒါန်းသည့်အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်ထံ ယခုလ၄ရက်နေ့က လှူဒါန်းခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ယင်းရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို အမျိုးသားပြတိုက်၌ အများပြည်သူ ကြည်ညိုဖူးမြော်နိုင်ရန် နိုင်ငံတော်ကို ကိုယ်စားပြုပြီး ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း။

အလှူရှင်များဖြစ်သည့် ကွယ်လွန်သူ ဦးအောင်သန်းမြင့်နှင့် ဇနီးဒေါ်သိန်းသိန်းတို့ လက်ဝယ်တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ကျော်ကပင် ယင်းရှေးဟောင်းရုပ်ပွား ဆင်းတုတော်များ ရှိနေခဲ့ပြီး မသမာသူများလက်ဝယ်မှ တစ်ဆင့် တိုင်းတစ်ပါးသို့ ရောက်ရှိမသွားစေရအောင် ထိန်းသိမ်းစောင့်ရှောက် ကိုးကွယ်လာခဲ့ကြခြင်းဖြစ်ကြောင်း။

သမိုင်းတန်ဖိုးကြီးမား

ယခုခင်ပွန်းဖြစ်သူ ဦးအောင်သန်းမြင့် ကွယ်လွန်ချိန်တွင် ခင်ပွန်းဖြစ်သူ၏ဆန္ဒအရ သမိုင်းတန်ဖိုးကြီးမားသည့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ မသမာသူများ လက်ဝယ်သို့ ရောက်ရှိမသွားစေရအောင် မိဘများဖြစ်သော ဦးမောင်လှ-ဒေါ်ချောချော တို့အား အမှူးထားလျက် ဦးအောင်သန်းမြင့်-ဒေါ်သိန်းသိန်းမိသားစုတို့က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လက်ဝယ်သို့ ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီးနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က အများပြည်သူ ကြည်ညိုဖူးမြော်နိုင်စေရန်နှင့် သမိုင်းစဉ်ဆက်မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်စေရန် အတွက် အမျိုးသားပြတိုက်သို့ ပြန်လည်လွှဲပြောင်း လှူဒါန်းခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထပ်ဆင့်လွှဲပြောင်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူကို အမျိုးသားပြတိုက်၌ကိန်းဝပ်စံပယ် အပူဇော်ခံနိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ကြည်အောင်ထံ ထပ်ဆင့်လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တိုင်းမှူး၊ ဝန်ကြီးများသည် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူကို ဖူးမြော်ကြည်ညိုကြသည်။

လှည့်လည်ဖူးမြော်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အမျိုးသားပြတိုက် စတုတ္ထထပ်ရှိ ဗုဒ္ဓရုပ်ပွားတော်များပြခန်း၌ ကိန်းဝပ်စံပယ် အပူဇော်ခံယူတော်မူလျက် ရှိကြသော ရုပ်တော်မှ ပဥ္စလောဟာ ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်နှင့် ခေတ်အဆက်ဆက်မှ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယနေ့ လွှဲပြောင်းလှူဒါန်းသည့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူကို အလှူရှင်ပုဂံမြို့ မင်းထီးယဉ်ရပ်ကွက် ပုန်းညက်လမ်း အမှတ်(၇၈/၇၉)နေ မိဘများ ဖြစ်ကြသော ဦးမောင်လှ-ဒေါ်ချောချောတို့အား အမှူးထား၍ ဦးအောင်သန်းမြင့်(ကွယ်လွန်)နှင့် ဇနီး ဒေါ်သိန်းသိန်း မိသားစုက လှူဒါန်းထားခြင်းဖြစ်ပြီး အေဒီ (၁၁) ရာစု ပုဂံခေတ်ဦးပိုင်းလက်ရာ မကိုဋ်၊ လည်ဆွဲ၊ နားကင်းအဆင်တန်ဆာပါရှိသည့် လက်ရာ အဘယမုဒြာဟန် လက်ဝဲစီဝရဟတ္ထ သင်္ကန်းစ ကိုင်ဟန် ပဥ္စလောဟာ ဆင်းတုတော်တစ်ဆူနှင့် ကုန်းဘောင်ခေတ် လက်ရာ ပုဂံခေတ်ဟန်ထုလုပ်ထားသည့် ပဥ္စဝဂ္ဂီငါးဦးအား တရားဦးဟောဟန် ကြေးဗုဒ္ဓဆင်းတုတော် တစ်ဆူတို့ဖြစ်သည်။ ယင်းရှေးဟောင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူကို အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် အမျိုးသားပြတိုက်စတုတ္ထထပ်ရှိ ဗုဒ္ဓရုပ်ပွားတော်များပြခန်း၌ ကိန်းဝပ်စံပယ် အပူဇော်ခံထားရှိမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ အမျိုးသားပြတိုက် စတုတ္ထထပ်ရှိ ဗုဒ္ဓရုပ်ပွားတော်များပြခန်း၌ ကိန်းဝပ်စံပယ်အပူဇော်ခံယူတော်မူလျက်ရှိသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်နှင့် ခေတ်အဆက်ဆက်မှ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန် အမျိုးသားရေး မူဝါဒနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ဟောပြောပို့ချ

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ရန်ကုန်တိုင်း လှိုင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း၌ ယနေ့နံနက်ပိုင်းတွင် အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအကြောင်းကိုအကျယ်တဝင့်ဟောပြောပို့ချသည်။ (သတင်းစဉ်)

✧ **ကျောဖုံးမှ**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကိုလည်းကောင်း၊ ထိုင်းနိုင်ငံ PTTEP International Limitedဥက္ကဋ္ဌ Mr. Maroot Mrigadat သို့ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Prommin Lertsuridej တို့ ဦးဆောင်သော တာဝန်ရှိသူများသည် မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ဧမိုင်ခွဲ ဆည်မြောင်းရိပ်သာလမ်းရှိ PTTEP International Limited ၏ ရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ထိုင်းနိုင်ငံအစိုးရ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E.Mr. Prommin Lertsuridej ဦးဆောင်သော ထိုင်းနိုင်ငံ စွမ်းအင်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၇နာရီ မိနစ် ၅၀တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံ စွမ်းအင်ကိုယ်စားလှယ်အဖွဲ့အား စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တာဝန်ရှိသူတို့ကလေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံ PTTEP International Limited တို့၏ မုတ္တမကမ်းလွန်ဒေသလုပ်ကွက်အမှတ်(အမ်-၃နှင့်အမ်-၄)တို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးဆိုင်ရာ စာချုပ်များနှင့် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနှင့် စွမ်းအင်ချွေတာရေးဆိုင်ရာ ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာတို့ကို နှစ်နိုင်ငံတာဝန်ရှိသူတို့ လက်မှတ်ရေးထိုးအပြီးတွင် တွေ့ရစဉ်။ (စွမ်းအင်)

မကွေးကောလိပ် အာစရိယပူဇော်မည်

ရန်ကုန် ဩဂုတ် ၇

၁၉၆၄-၇၆ခုနှစ် မကွေးကောလိပ် ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃ရက် နံနက် ၉နာရီတွင် မကွေးတက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ အလှူငွေ ထည့်ဝင်လှူဒါန်းလိုသူများသည် ရန်ကုန် ဦးခင်မောင်ညွန့် ၀၁-၆၆၃၁၈၀၊ ဦးတင်မောင်သန်း ၀၉-၅၀၀၃၈၉၉၊ ဦးတင်ထွန်း ၀၉-၅၀၁၈၅၃၃၊ ဦးသိန်းတန် ၀၁-၂၄၄၁၀၅၊ ဒေါ်ခင်သန်းစိန် ၀၁-၅၃၉၇၁၄၊ ဒေါ်ကြည်ကြည်တင် ၀၉-၉၉၂၅၃၄၄၊ ဒေါ်ခင်မာမာ ၅၃၅၆၂၂၊ ဒေါ်မိမိခိုင် ၀၁-၆၄၀၈၆၈၊ မကွေး ဦးခင်မောင်မြင့် ၀၆၃-၂၁၁၂၈၊ ဦးခင်မောင်အေး ၀၆၃-၂၃၂၀၇၊ ဦးအောင်ကျော်ဦး ၀၆၃-၂၃၁၉၃ နှင့်မန္တလေး ဒေါ်ချိုချိုထွန်း ၀၂-၆၄၅၀၅တို့သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၉၂၂ဦးရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၆

အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ် မတ်လက စတင်ထိုးစစ်ဆင်တိုက်ခိုက်သည်မှ ၂၀၀၄ ခုနှစ် ဩဂုတ် ၅ ရက်အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၉၂၂ဦးရှိပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာန၏ ကြေညာချက်အရ သိရသည်။ ၎င်းတို့အနက် တိုက်ပွဲတွင်သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၆၈၅ ဦးရှိပြီး အခြားအကြောင်းများကြောင့် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၃၇ ဦးဖြစ်သည်။

ထိုကာလအတွင်း အီရတ်၌ သေဆုံးသည့် ဗြိတိန်တပ်ဖွဲ့ဝင်ပေါင်း ၆၁ဦးရှိကြောင်း ဗြိတိန်စစ်ဘက်က ကြေညာသည်။ အီရတ်၌ အီတလီ ၁၈ ဦး၊ စပိန်ရှစ်ဦး၊ပိုလန်ခုနစ်ဦး၊ ဘူဂေးရီးယားခြောက်ဦး၊ ယူကရိန်းလေးဦး၊ ဆလိုဗားကီးယားသုံးဦး၊ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စတိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့က တစ်ဦးစီ သေဆုံးသည်။

အီရတ်နိုင်ငံ၌ တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန် သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်တွင် ကြေညာပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၇၈၄ ဦးရှိကြောင်း၊ ၎င်းတို့အနက် ၅၇၆ ဦးမှာ တိုက်ပွဲတွင် သေဆုံးခြင်းဖြစ်ပြီး ၂၀၈ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြာသပတေးနေ့တွင် ကြေညာသည်။ ***အင်တာနက်။***

ပျက်စီး

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ရှိ အမေရိကန်စစ်စခန်းတစ်ခုအနီးတွင် တိုက်ခိုက်ခံရသဖြင့် ပျက်စီးသွားသော အမေရိကန်စစ်ယာဉ်တစ်စီးကို ဩဂုတ် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မလေးရှားက အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်

ကွာလာလမ်ပူ ဩဂုတ် ၆

လက်ရှိအနေအထားတွင် မလေးရှားနိုင်ငံသည် အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်မည်မဟုတ်ကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာ အာမက်ဘာဒါဝီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကြည့်ရှုသင့်

ကျွန်ုပ်တို့သည် အီရတ်တွင် ဖြစ်ပေါ်လာမည့် အခြေအနေများကို သိရှိနိုင်စေရန် အချိန်စောင့်၍ ကြည့်ရှုသင့်ကြောင်း ဘာဒါဝီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

စဉ်းစားမည်

လောလောဆယ်တွင် ကျွန်ုပ်တို့သည် တပ်ဖွဲ့များကို အီရတ်သို့ စေလွှတ်ဦးမည်မဟုတ်ပါ။ သို့ရာတွင် ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီးက ပြီးခဲ့သောလအတွင်းတွင် တင်ပြလာသော မွတ်စလင်နှင့် အာရပ်တပ်ဖွဲ့များကို အပေါင်းပါတပ်ဖွဲ့များနေရာ၌ အစားထိုးချထားရေးကိစ္စကို စဉ်းစားကြမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။ ယခုအခါ မလေးရှားဝန်ကြီးချုပ်သည် အစ္စလမ္မစ်ကွန်ဖရင့်အကြီးအကဲအဖြစ် တာဝန်ယူလျက်ရှိသည်။ ထိုကွန်ဖရင့်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၅၇နိုင်ငံပါဝင်သည်။

မစေလွှတ်သင့်

အီရတ်နိုင်ငံ၏ ပကတိအခြေအနေကို ကြည့်လျှင် လက်တွေ့သဘောအရ နိုင်ငံခြားတပ်ဖွဲ့များက သိမ်းပိုက်ထားသော အခြေအနေပင်ဖြစ်၏။ ကုလသမဂ္ဂ၏ သဘောတူဆုံးဖြတ်ချက်မပါဘဲ ဝင်ရောက် သိမ်းပိုက်ထားသည်ကို တွေ့မြင်ရလိမ့်မည်။ ထို သိမ်းပိုက်ရေးတပ်ဖွဲ့များ အီရတ်၌ရှိနေစဉ်အတောအတွင်း အာရပ်နိုင်ငံများအဖွဲ့မှ နိုင်ငံများသည် မိမိတို့၏ တပ်ဖွဲ့များ မစေလွှတ်သင့်ဘဲ စောင့်ဆိုင်းသင့်ကြောင်း ပြောဆိုကြသည်။

ယမန်နှစ်က ဆက်ဒမ်ဟူစိန်ရာထူးမှ ဖယ်ရှားခံရပြီးချိန်မှစ၍ အီရတ်တွင် မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့ရာ နိုင်ငံသား ထောင်ပေါင်းများစွာ သေကျေခဲ့ရပြီးဖြစ်သည်။ ခုခံတိုက်ခိုက်ရေးသမားပြောက်ကျားများသည် နိုင်ငံခြားသား တပ်ဖွဲ့များ၊ အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် ရေနံစက်မှုလုပ်ငန်းများကို မကြာခဏ တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဆက်ဒမ်ဟူစိန်အား ဖယ်ရှားရေး ဘုရှ်အစိုးရ ဆောင်ရွက်မှု သမ္မတဟောင်း ကလင်တန် ဝေဖန်ပြောကြား

တိုရွန်တို ဩဂုတ် ၆

အမေရိကန်အစိုးရ၏ လုံခြုံရေးခြိမ်းခြောက်မှု နံပတ်(၅)ဟု သတ်မှတ်ထားသော အီရတ်မှ ဆက်ဒမ်ဟူစိန် ဖယ်ရှားရေးကို သမ္မတဘုရှ်အစိုးရက ဆောင်ရွက်လိုက်ခြင်းအားဖြင့် အမေရိကန်နိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး အစီအစဉ် ပျက်ပြားသွားရကြောင်းဖြင့် အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်က ဝေဖန်လိုက်သည်။

အီရတ်စစ်ပွဲကြောင့် အမေရိကန်နိုင်ငံ၏ အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက် တိုက်ဖျက်ရေးစစ်ပွဲမှ အရေးကြီးသည့် အင်အားအရင်းအမြစ်များ ကုန်ခန်း လုံးပါးကုန်ကြောင်း မစ္စတာ ကလင်တန်က ပြောဆိုသည်။

အိုစမာဘင်လာဒင်အား ဖမ်းဆီးရမိရေးနှင့်တကွ ပါကစ္စတန်နှင့်အာဖဂန်နယ်စပ်တစ်လျှောက်ရှိ အယ်လ်ခိုင်ဒါနှင့် တာလီဘန် ခိုအောင်းရာနေရာများကိုတိုက်ဖျက်ချေမှုန်းရာတွင်သမ္မတဘုရှ် အစိုးရမှာ ငွေအင်အား လူအင်အား ပံ့မအောခြင်းအတွက်လည်း မစ္စတာ ကလင်တန်က ဝေဖန်ထောက်ပြလိုက်သည်။

မိမိတို့အနေဖြင့် မည်သည့် အတွက်ကြောင့် နံပတ်(၁) လုံခြုံရေးခြိမ်းခြောက်မှုဖြစ်သော အယ်လ်ခိုင်ဒါအရေးကို ပါကစ္စတန်တို့ လက်ထဲထည့်ပြီး မိမိတို့ကဘေးမှ အကူအပံ့နေရာကို ရယူရသနည်း၊ လုံခြုံရေးခြိမ်းခြောက်မှု နံပါတ်(၅)ဟု မိမိတို့သတ်မှတ်သည့် အီရတ်အရေးအတွင်း မိမိတို့၏ စစ်ရေးအင်အား အားလုံးကို မည်သည့်အတွက် ပုံအောနေရပါသနည်းဟု မစ္စတာ ကလင်တန်က အောဘီစီ ရုပ်မြင်သံကြား တွေ့ဆုံခန်းတွင် မေးခွန်းထုတ်လိုက်သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်ခံရမှုနောက်ပိုင်း သမ္မတဘုရှ် အစိုးရအနေဖြင့် အခြားသော ထိပ်တန်းလုံခြုံရေးခြိမ်းခြောက်မှုများဖြစ်သည့် အရှေ့အလယ်ပိုင်း သွေးထွက်သံယိုမှု၊ အိန္ဒိယ-ပါကစ္စတန် ပဋိပက္ခနှင့် မြောက်ကိုရီးယား နျူကလီးယား အစီအစဉ် စသည်တို့ကို အလေးထားကိုင်တွယ်သင့်ကြောင်းဖြင့် သမ္မတဟောင်း ကလင်တန်က ထောက်ပြပြောဆိုလိုက်သည်။ ***အင်တာနက်။***

ဘာဆာရာမြို့တွင် ဝမ်းရောဂါဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၆

ဘာဆာရာမြို့တွင် ကာလဝမ်းရောဂါဖြစ်ပွားနေသူပေါင်း ၄၂ဦးကို တွေ့ရှိရကြောင်း၊ ထိုရောဂါဖြစ်ပွားရခြင်းမှာ မသန့်ရှင်းသောရေကိုသောက်သုံးနေရသောကြောင့် ဖြစ်ကြောင်း ဘာဆာရာမြို့ ကျန်းမာရေးဌာနက ကြေညာသည်။

အဆိုပါ ကြေညာချက်နှင့်ပတ်သက်သည်များကို ဒေသခံ အင်မူအာမာ သတင်းစာက ရေးသားဖော်ပြခဲ့သည်။

ရောဂါခံစားနေကြရသူများ အသုံးပြုသောရေတွင် မသန့်ရှင်းသည်မှု တစ်မျိုးကို တွေ့ရသည်။

အဆိုပါမှုကြောင့် ဝမ်းရောဂါ ခံစားရခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အစီရင်ခံစာတွင် ဖော်ပြထားသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိသျှတပ်ဖွဲ့ဝင်များအား ချေမှုန်းပစ်မည်ဟု ရှီးယိုက်ခုခံရေးသမားများ ကြေညာ

ဘာဆာရာ ဩဂုတ် ၆

ရှီးယိုက်ခေါင်းဆောင် ဆာဒါးအား သစ္စာခံသည့် ခုခံရေးသမားများက ၎င်းတို့၏ ရဲဘော်ရဲဘက် လေးဦး ဖမ်းဆီးခံရပြီးနောက် အီရတ်နိုင်ငံတောင်ပိုင်းရှိ ဘာဆာရာမြို့တွင် စခန်းချထားသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို အပြတ်တိုက်ရန် စစ်ကြေညာလိုက်သည်။ ဘာဆာရာမြို့မှာ ရှီးယိုက်တို့၏ ထောက်ခံသူ အများစုရှိသောမြို့ဖြစ်သည်။

ဘာဆာရာမြို့မြောက်ပိုင်း အယ်လ်ဂါမာတံတားတွင် ရှီးယိုက်ပြည်သူ့စစ်များနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ ၁၅မိနစ်ကြာ ယမန်နေ့က တိုက်ပွဲဖြစ်ပွားခဲ့သည်။ မိမိတို့သည် အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်များကို မတိုက်၊ နိုင်ငံခြားသားတပ်ဖွဲ့ဝင်များကိုသာ တိုက်ခိုက်ချေမှုန်းပစ်မည်ဟု စောစောပိုင်းက ရှီးယိုက်ခုခံရေးသမား အယ်လ်ဘာဆရီက ကြေညာထားသည်။ ***အင်တာနက်။***

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့တွင် အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြသူများအား ဩဂုတ် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နေရပ်ပြန်လိုသည့် ပြည်ပရောက် အီရတ်ပြည်သူများ လောလောဆယ်ပြန်မလာကြရန် ကြားဖြတ်အစိုးရဝန်ကြီး တိုက်တွန်း

ဘဂ္ဂဒက် ဩဂုတ် ၅

ပြည်ပရောက် ထောင်ပေါင်းများစွာသော အီရတ်ပြည်သူများက ယခုအခါ အမိမြေအီရတ်သို့ ပြန်လာကြရန် စိတ်အားထက်သန်လျက်ရှိသည်။ သို့သော် အီရတ်တွင် လုံခြုံရေး အခြေအနေတိုးတက်ကောင်းမွန်ပြီး ၎င်းတို့အား ကောင်းမွန်စွာ လက်ခံနိုင်သည်အထိ ရောက်ရာနိုင်ငံတွင် နှစ်နှစ်ခန့်အထိ ဆက်လက်နေထိုင်ကြပါရန် တိုက်တွန်းလိုက်သည်။

တိုက်တွန်း

အမိမြေပြန်လိုကြသည့် အီရတ်ပြည်သူများအနေဖြင့် အချိန်ယူစောင့်ဆိုင်းကြရေးအတွက် ဝိုင်းဝန်းတိုက်တွန်းပေးပါရန် နိုင်ငံခြားအစိုးရများအား မိမိတိုက်တွန်းခဲ့ကြောင်းဖြင့် ပြည်ပြေးအီရတ်အများစုနေထိုင်ရာ ဥရောပနိုင်ငံများ၊ အမေရိကန်နှင့် ကနေဒါနိုင်ငံများသို့ မကြာမီကသွားရောက်ပြီး ပြန်လာသူ အီရတ် လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ပက်စကေးဝါဒါက ဗုဒ္ဓဟူးနေ့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ပြည်ပရောက် အီရတ်ပြည်သူအများအပြားက မကြာမီအတွင်း အမိမြေသို့ ပြန်လာလိုကြကြောင်း၊ သို့သော် မိမိတို့၏ အခြေအနေ၊ လုံခြုံရေးလိုအပ်ချက်တို့ကြောင့် မိမိတို့က ၎င်းတို့အား ခေတ္တစောင့်ဆိုင်းကြ ရန်တိုက်တွန်းနေရကြောင်း၊ စောင့်ပါဆိုခြင်းမှာ လနှင့်ချီ၍ ဖြစ်ကောင်းဖြစ်မည်၊ သို့မဟုတ် တစ်နှစ်ခန့်ဖြစ်ကောင်း ဖြစ်မည်၊ သို့သော် နှစ်နှစ်ထက်ပိုမကြာဟု မျှော်လင့်ရကြောင်းဖြင့် ဝန်ကြီး ပတ်စကေးဝါဒါက ပြောဆိုသည်။ အီရန်၊ ဂျော်ဒန်၊ ဆီးရီးယားနှင့် တူရကီနိုင်ငံတို့တွင် အီရတ်နိုင်ငံသား အတော်အတန်ရှိသော်လည်း ပြည်ပရောက် အီရတ်နိုင်ငံသား လေးသန်းခန့်တွင် အများစုမှာ ဥရောပနှင့် မြောက်အမေရိကတွင် ရောက်ရှိနေကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် တူရကီယာဉ်မောင်းတစ်ဦး ထပ်မံ အသတ်ခံရ

အင်ကာရာ ဩဂုတ် ၆

အီရတ်နိုင်ငံတွင် တူရကီလူမျိုးယာဉ်မောင်းတစ်ဦး သေဆုံးသွားပြီး အခြားနှစ်ဦး ပျောက်ဆုံးလျက်ရှိကြကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက ပြီးခဲ့သောကြာသပတေးနေ့တွင် ထုတ်ဖော်ပြောကြားသည်။

အသတ်ခံရသူ ယာဉ်မောင်းမှာ အောစ်မန်အလီဆန်ဖြစ်သည်။ ၎င်း၏ ရုပ်အလောင်းကို အီရတ်နိုင်ငံ မြောက်ပိုင်း မိုဆိုးလ်မြို့ရှိ ဆေးရုံတွင် အတည်ပြုနိုင်ခဲ့သည်ဟုဆိုသည်။ အခြားတူရကီလူမျိုး ယာဉ်မောင်းနှစ်ဦးကို အီရတ် ခုခံရေးသမားများက ဓားစာခံအဖြစ် ဖမ်းဆီးထားခြင်း ဟုတ်၊ မဟုတ်ကိုမူ သဲကွဲစွာ မသိရသေးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိက ပြောကြားခဲ့သည်ဟု ရိုက်တာ သတင်းဌာနက ဖော်ပြသည်။

အလီဆန်မှာ အမေရိကန်တပ်ဖွဲ့များထံသို့ လောင်စာများ ပေးပို့အပြီး တနင်္လာနေ့က အသတ်ခံရခြင်း ဖြစ်သည်။ ၎င်းပစ်သတ်ခံရသောနေရာမှာ တူရကီနယ်စပ်မှ မိုင် ၄၀ခန့်ဝေးသော ဇီဖာယာလ် အရပ်တွင် ဖြစ်ကြောင်း အင်တီဗွီသတင်းဌာနက သတင်း ထုတ်လွှင့်ခဲ့သည်။ ရုပ်သံသတင်းတွင် အလီဆန်သေဆုံးရသည့်အတွက် ၎င်း၏မိသားစု ဝမ်းနည်းပက်လက်ဖြစ်နေရပုံများကို ဖော်ပြသွားသည်။

အီရတ်၌ အသတ်ခံရသော တူရကီ ယာဉ်မောင်းများအနက် အလီဆန်သည် ဒုတိယမြောက် အသတ်ခံရသော တူရကီလူမျိုး ယာဉ်မောင်းဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သော တနင်္လာနေ့က ဓားစာခံ မူရတ်ယူစီကို ပစ်သတ်လိုက်သော ပုံများကို အာရပ် ဂြိုဟ်တုဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသည်။ ထိုထုတ်လွှင့်ချက်တွင် ဓားစာခံကို မသတ်မီ အီရတ်ရှိ တူရကီအလုပ်သမားအားလုံး နိုင်ငံအတွင်းမှ ထွက်သွားကြရန် တောင်းဆိုထားသော တောင်းဆိုချက်ကို တူရကီဘာသာဖြင့် ဖတ်ကြား တောင်းဆိုသွားသည်။

လုပ်ကိုင်

အသတ်ခံရသူ တူရကီ ယာဉ်မောင်းနှစ်ဦးစလုံးမှာ တင်ရှိနေသော အကြွေးများကို ပြန်လည်ပေးဆပ်နိုင်ရန် ကားမောင်းသောအလုပ်ကို အီရတ်၌ သွားရောက်လုပ်ကိုင်ကြခြင်း ဖြစ်ကြောင်း သိရသည်။

အာရပ်ဘာသာဖြင့် ရေးသားထားသော ကိုရမ်ကျမ်းစာကို အလီဆန်ကို ဖတ်ရန်စေခိုင်းရာ အလီဆန်က ဖတ်မပြနိုင်ခဲ့ပေ။ ထိုနောက်ပိုင်းတွင် ဓားစာခံ ဖမ်းထားသူများက အလီဆန်ကို ကွပ်မျက်ပစ်ခဲ့ကြသည်ဟု ဆိုသည်။

တူရကီ ယာဉ်မောင်းတစ်ဦးမှာ အထိအခိုက်မရှိဘဲ လွတ်မြောက်လာခဲ့သည်။ ယာဉ်တန်းတစ်ခုကို ခုခံဆန့်ကျင်ရေးသမားများက တိုက်ခိုက်ကြရာ၌ လူ ၅၀ခန့်သေဆုံးခဲ့ရကြောင်း ၎င်းက ပြောကြားသည်။ ထိုယာဉ်မောင်း၏ ပြောကြားချက်ကို မည်သည့်သီးခြားလွတ်လပ်သောသတင်းကမျှ အတည်ပြုပေးနိုင်ခြင်း မရှိပေ။

မရပ်ဆိုင်း

ယာဉ်မောင်းများကို တိုက်ခိုက်မှုများရှိနေသော်လည်း တူရကီနိုင်ငံသည် အီရတ်နိုင်ငံနှင့် ကုန်သွယ်မှုများကို ရပ်ဆိုင်းပစ်မည် မဟုတ်ကြောင်း တူရကီ ကုန်သွယ်ရေးဝန်ကြီး ကူရ်ဆတ်တူ(ဇ)မန်က ပြောကြားကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဩဂုတ် ၃ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းပူဆွေးနေကြသည့် အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အနောက်နိုင်ငံများ၏ ကြားဝင်စွက်ဖက်မှုကို ကန့်ကွက် မြို့တော်ခါတွမ်တွင် ဆူဒန်လူမျိုး ၁၀၀၀၀၀ ကျော် ဆန္ဒပြ

ခါတွမ် ဩဂုတ် ၅

ဆူဒန်နိုင်ငံ ဒါဖာဒေသတွင် ဖြစ်ပေါ်နေသောပြဿနာ အဆုံးသတ်စေရေးအတွက် အနောက်တိုင်းနိုင်ငံများ၏ ကြားဝင်စွက်ဖက်မှုကို ကန့်ကွက်သည့်အနေဖြင့် မြို့တော်ခါတွမ်ရှိ ကုလသမဂ္ဂရုံးရှေ့တွင် ဗုဒ္ဓဟူးနေ့ကဆန္ဒပြရာ၌ ဆူဒန်လူမျိုး ၁၀၀၀၀၀ ကျော် ပါဝင်ဆန္ဒပြကြသည်။

၁၇ လကြာ ပေါ်ပေါက်လာခဲ့သော ဒါဖာဒေသ ပဋိပက္ခအဆုံးသတ်စေရန် အာဖရိကတိုက်ရှိ ဆူဒန်နိုင်ငံသို့ နိုင်ငံခြားတပ်ဖွဲ့များ စေလွှတ်မည်ဆိုပါက မိမိတို့၏နိုင်ငံသည် အာဖဂန်နစ္စတန် သို့မဟုတ် အီရတ်တို့ကဲ့သို့ စစ်မြေပြင် ဖြစ်လာမည်ဖြစ်ကြောင်း အာဏာရပါတီမှ အထက်တန်းအဖွဲ့ဝင် မိုဟာမက်အလီ အဗ္ဗဒူလာက ဆန္ဒပြပွဲတွင်ပြောကြားသည်။

မိမိတို့နိုင်ငံတွင် အမေရိကန်တို့ကို ထိပ်တိုက် ရင်ဆိုင်မည့်သူများရှိကြောင်း အဗ္ဗဒူလာက ပြောကြားသည်။

ခြိမ်းခြောက်

ဒါဖာဒေသတွင် အစိုးရလိုလားသော ပြည်သူ့စစ်အဖွဲ့များက ခုခံတိုက်ခိုက်မှုများ ဖြစ်ပေါ်နေမှုကို ထိန်းချုပ်ရန် ဆူဒန်နိုင်ငံသို့ တပ်ဖွဲ့များ စေလွှတ်မည်ဟု အနောက်နိုင်ငံ အစိုးရများက ခြိမ်းခြောက်ခဲ့သည်။

အတည်ပြု

ဒါဖာဒေသတွင် အာရပ်ပြည်သူ့စစ်အဖွဲ့ဝင်များ၏ အကြမ်းဖက်မှုများ ရက်ပေါင်း ၃၀ အတွင်း အဆုံးသတ်စေရေး ဆူဒန်အစိုးရက ကြိုးပမ်းရန်နှင့် ယင်းသို့ လုပ်ဆောင်ခြင်းမရှိပါက စီးပွားရေးနှင့် သံတမန်ရေးအရ ဒဏ်ခတ်မှုများပြုလုပ်မည်ဟု ဖော်ပြသော ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက လွန်ခဲ့သောရက်သတ္တပတ်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ***အင်တာနက်။***

အီရတ်တွင် ကန်စစ်ရဟတ်ယာဉ် ပစ်ချခံရ

နာဂျက်ဖ် ဩဂုတ် ၆

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများ ကြာသပတေးနေ့က တိုက်ပွဲဖြစ်ပွားရာ လူရှစ်ဦးသေဆုံးပြီး အမေရိကန် ရဟတ်ယာဉ်တစ်စင်း ပစ်ချခံခဲ့ရကြောင်း၊ ထိုစဉ်အတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုနှင့် ရဲစခန်းတစ်ခုအနီးတွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ နောက်ထပ်လူကိုးဦး သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

နာဂျက်ဖ်မြို့ရှိ သုသာန်ဝေဟင်တွင် အမေရိကန်ရဟတ်ယာဉ်များ ဝဲပျံနေစဉ်မှာပင် ယင်းမြို့တစ်ဝန်းတွင် သေနတ်သံများနှင့် စိန်ပြောင်းကျည်ကျရောက်ပေါက်ကွဲသံများ ဆူညံစွာ ပေါ်ထွက်ခဲ့သည်။

အမေရိကန် အမှတ်(၁၁) မရိန်းတပ်ဖွဲ့နှင့် တွဲဖက်ထားသော ရဟတ်ယာဉ်တစ်စင်း ပစ်ချခံခဲ့ရပြီးနောက် သေနတ်သံများ ခေတ္တခဏငြိမ်သက်သွားသော်လည်း ကြာသပတေးနေ့ မွန်းလွဲပိုင်းကုန်ဆုံးချိန်အထိ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။

ယူအိပ်ချ်–၁ အမျိုးအစား ရဟတ်ယာဉ်တစ်စင်း နံနက် ၁၁နာရီ ၄၅မိနစ်ခန့်တွင် ပျက်ကျခဲ့ကြောင်း၊ ရဟတ်ယာဉ်မှူးနှစ်ဦးကို အသက်ရှင်လျက်သား ပြန်လည်တွေ့ရှိရသော်လည်း ၎င်းတို့ရရှိသော ဒဏ်ရာများ ပြင်းထန်ခြင်း ရှိ၊မရှိ လောလောဆယ်မသိရသေးကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် တိုက်ပွဲဖြစ်ပွားစဉ် ပစ်ချခံရသဖြင့် ပျက်ကျခဲ့သော အမေရိကန် စစ်ရဟတ်ယာဉ်အနီးတွင် အမေရိကန် သံချပ်ကာကားတစ်စီး စောင့်ကြပ်နေသည်ကို ဩဂုတ် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကိုဆိုဗိုရှိ ကန်တပ်ဖွဲ့ဝင်အချို့ မဖွယ်မရာပြုမှုဖြင့် ရုံးတင်စစ်ဆေးရန် တိုင်တန်းခံရ

ပရစ္စတီးနား (ဆားဘီးယားနှင့် မွန်တီနီဂရိုး) ဩဂုတ် ၆

အမေရိကန်တပ်ဖွဲ့ဝင်များ ကိုဆိုဗိုဒေသ၌ရှိစဉ် အရပ်သားများကို ရှာဖွေစစ်ဆေးစဉ် မဖွယ်မရာပြုလုပ်ခဲ့ကြကြောင်း အရပ်သားနှစ်ဦးက တိုင်တန်းခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ အမေရိကန်စစ်သည် ခုနစ်ဦးတို့ကို ရုံးတင်စစ်ဆေးရန် အမေရိကန်စစ်ဘက်ဆိုင်ရာများက စဉ်းစားနေကြသည်ဟု ဆိုသည်။

ကုန်ခဲ့သော ဧပြီလအတွင်းက ကိုဆိုဗိုဒေသ ဗာဗိုဖက်ကျေးရွာတွင် အမေရိကန် တပ်ဖွဲ့များသည် ဝိုင်းပတ်ပိတ်ဆို့ထားကာ ရှာဖွေမှုများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်စဉ် တပ်ဖွဲ့ဝင်များက မဖွယ်မရာ ဆောင်ရွက်ခဲ့ကြကြောင်း အစွပ်စွဲခံရခြင်းဖြစ်၏။ ထိုစွပ်စွဲချက်နှင့် ပတ်သက်၍ စုံစမ်းမှုများကို ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း အမှတ် ၂၁ စစ်နယ် ထောက်ပံ့ရေး ဦးစီးဌာနချုပ် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထိုဦးစီးဌာနချုပ်သည် ဂျာမနီနိုင်ငံ၌ တည်ရှိသည်။

တပ်ဖွဲ့ဝင်များ မဖွယ်မရာ ပြုသည့်ကိစ္စကို စွဲချက်တင်သင့်၊ မသင့် အဆုံးအဖြတ်ပေးရန် ပြဿနာကို စိစစ်သွားရန် ဗိုလ်မှူးချုပ် ဗင်နီအီးဝီလျမ်ကို တာဝန်ပေးခဲ့သည်။

စိစစ်ချက်များ၊ စစ်ဆေးချက်များနှင့် စုဆောင်းရရှိသော အထောက်အထားများအရ တစ်မျိုးမျိုးသော မဖွယ်မရာ ပြုလုပ်မှုကို ကျူးလွန်ခဲ့သည်မှာ ထင်ရှားကြောင်း ပေါ်ထွက်လာခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူရဲလ် စတင်ဆန်က ပြောကြားခဲ့ကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြသည်။ သို့ရာတွင် မည်သည့် မဖွယ်မရာမှုမျိုးဖြစ်သည်ကိုမူ ၎င်းက ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိဟုဆိုသည်။

ယခုအခါ ကိုဆိုဗိုဒေသတွင် နေတိုးစစ်စာချုပ်အဖွဲ့ဦးဆောင်သော ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့ဝင်အင်အား ၁၉,၀၀၀ တပ်ချထားသည်။ ထိုတပ်ဖွဲ့တွင် အမေရိကန် တပ်ဖွဲ့ဝင် ၂၀၀၀ ခန့်ပါဝင်သည်။ ထိုတပ်ဖွဲ့များကို ကုလသမဂ္ဂက တာဝန်ယူထားသည့် အယ်ဘေးနီးယား လူမျိုးအများအပြား နေထိုင်သော အရပ်များတွင် တပ်ခွဲထားစေသည်။ အဆိုပါ တပ်ဖွဲ့များ တပ်စွဲထားသည်မှာ ကိုဆိုဗိုစစ်ပွဲ ပြီးစီးသွားသည့် ၁၉၉၈–၁၉၉၉ ခုနှစ်ကတည်းက ဖြစ်သည်။

ကိုဆိုဗိုတွင် ရန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည့်အတွက် လူပေါင်း ၁၉ ဦးသေဆုံးခဲ့ရပြီး ဆာ့ဗ်လူမျိုးများ၏ အိုးအိမ်ရာပေါင်းများစွာ အဖျက်အဆီးခံခဲ့ရသည်။ ထို့အပြင် အယ်ဘေးနီးယား လူမျိုးများနှင့်လည်း အဓိကရုဏ်း ဖြစ်ပွားခဲ့သေးသည်။ အဆိုပါ ဖြစ်ရပ်များကြောင့် ပိတ်ဆို့ ရှာဖွေမှုများကို ပြုလုပ်ခဲ့ရာမှ အမေရိကန်တပ်ဖွဲ့ဝင်များ မဖွယ်မရာ ပြုလုပ်မှုကို တိုင်တန်းသည့် ပြဿနာတက်လာခြင်းဖြစ်၏။ အဆိုပါကိစ္စတွင် အမေရိကန်အမှတ် ၂–၁၃၅ ခြေလျင်တပ်မှတပ်ဖွဲ့ဝင် ခုနစ်ဦးတို့ ပါဝင်ပတ်သက်နေကြောင်း စစ်ဘက်အစီရင်ခံစာတွင် ဖော်ပြထားသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

နယ်စပ်ဒေသဖွံ့ဖြိုးရေး လမ်းများတိုးချဲ့ဖောက်လုပ်ပေး(၂)

မြင့်စိုး(နတလ)

လမ်းနှင့်တံတားသည် နိုင်ငံ့အင်အားဖြစ်သည်။ ထို့ပြင်တစ်ဝ တိုင်းရင်းသားလူမျိုးများအချင်းချင်း ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်ဆံနိုင်ရေး၊ လူမှုစီးပွားအခြေခံ အဆောက်အအုံများ အဘက်ဘက်မှ မြင့်မားတိုးတက်လာစေရေးတို့အတွက် ရည်သန်ကာ နယ်စပ်ဒေသအသီးသီးတွင် လမ်း၊ တံတားများကို အကောင်အထည်ဖော် ဖောက်လုပ်ပေးခဲ့သည်။ လမ်းပေါင်းများစွာ၊ တံတားပေါင်းများစွာအနက်မှ လတ်တလော အကောင်အထည်ဖော် ဆောင်ရွက်နေဆဲဖြစ်သော လမ်းအချို့ကို ထုတ်နုတ်တင်ပြလိုပါသည်။

ကြည့်ရှု စစ်ဆေး

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မိုင်းပတ်–ပန်ဆန်း လမ်းအပိုင်း ကတ္တရာခင်းခြင်း လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

တာကော်အက်–ဝိန်းကောင်–ပန်ဆန်းလမ်း

၁၉၈၃ ခုနှစ်တွင် သံလွင်(တာကော်အက်) ကူးတို့ဆိပ်သို့ ကျွန်တော်စတင်ရောက်ဖူးခဲ့သည်။ ထိုစဉ်က တပ်မတော်စစ်ကြောင်းများသည် သံလွင်အရှေ့ခြမ်းရှိ လွယ်ပန်လုံ၊ မိုင်းပတ်၊ ပွိုင့်–၄၆၉၅၊ ကျူတန်ဆေး ၁/၂၊ ပွိုင့်ကုန်းစသော ဗကပစခန်းကုန်းများကို တိုက်ခိုက်နေချိန်။ တာကော်အက်ကူးတို့ဆိပ်တွင် ပွန်တွန်း ကူးတို့ဖောင်ဖြင့် ကူးကြရ၏။ လွယ်ပန်လုံဒေသတစ်ခုလုံးအား တပ်မတော်က သိမ်းပိုက်ရရှိပြီးချိန်တွင် တာကော်အက်–မန်ကန်–ငှက်ကာ–ပန်ဖိန်းမှ လွယ်ပန်လုံအထိ စစ်ဆင်ရေးသုံး တစ်ကြောင်းထိုး မြေလမ်းဖောက်ခဲ့သည်။ စစ်ဆင်ရေးသုံးယာဉ်ငယ်ကလေးများပေါ်တွင် ရိက္ခာများတင်၍ ကူးတို့ဖောင်ဖြင့်ကူးစေပြီး သံလွင် အရှေ့ခြမ်းစခန်းကုန်းများအတွက် ရိက္ခာစုပုံပေးခဲ့သည်။

ထိုအချိန်၊ ထိုကာလ၊ ထိုဒေသတွင် ငြိမ်းချမ်းရေးဆိုသည့်အရာသည် အလှမ်းကွာဝေးနေဆဲဖြစ်သည်။ ဒေသခံ တိုင်းရင်းသားများအနေဖြင့်လည်း နံနက်စာ၊ ညစာ နပ်မှန်ရေးအတွက် ပြေးပြေးလွှားလွှား ရှာဖွေစားသောက်နေရသောအချိန်ဖြစ်သည်။ ဈေးသည်များက ပွိုင့်–၅ စက်သေနတ်ကြီး ပုံသေပစ်ခတ်ရာ လမ်းကြောင်းအောက်မှ တောင်စွယ်၊ တောင်ကမူလေးများကို ကွယ်ကာ၊ လျှိုးကာဖြင့် သူဈေးရောင်းလိုရာ ရွာသို့အရောက်သွားသည်။ ကျွဲကျောင်း၊ နွားကျောင်းလုပ်နေသူများကလည်း အမြောက်ဆန်ကျကျ၊ ဗုံးဆန်ကျကျ သူ့ကျွဲ၊ နွားများကို အမိအရ ပြန်ကောက်သည်။

ထိုသို့သော အခြေအနေမျိုးတွင် တာကော်အက်ကူးတို့ဆိပ်နေရာ၌ သက်သောင့်သက်သာ ဖြတ်သွားနိုင်သော တံတားကြီးတစ်စင်း ပေါ်ပေါက်လာခဲ့သော် ကောင်းလေစွဟု မည်သူကမျှ စိတ်ကူးအားလိမ့်မည်မဟုတ်ပါ။ မိမိတို့ ဖြတ်လိုသည့်အချိန်တွင် ဖြတ်သန်းခွင့်ရနေသော ကျေးဇူးရှင်ကူးတို့ဖောင်လေး ကြိုးပြတ်၍ သံလွင်မြစ်ထဲ မျောပါမသွားရေးကိုသာ ဆုတောင်းကြမည် ဧကန်ဖြစ်သည်။ ၁၉၈၈ ခုနှစ်၌ နောက်တစ်ကြိမ် ပြန်ရောက်သောအခါတွင်လည်း တာကော်အက်ကူးတို့ဆိပ်သည် ယခင်ကကဲ့သို့ပင် ဘာမျှမပြောင်းလဲ။ သည်မှာဘက်ကမ်းက ဟိုမှာဘက်ကမ်းသို့ ပွန်တွန်း ကူးတို့ဖောင်ကလေးဖြင့် တရွေ့ရွေ့ကူးနေကြဆဲ။

သို့သော် ၁၉၈၉ ခုနှစ် မေလမှစ၍ ထိုဒေသကြီးတစ်ခုလုံး ငြိမ်းချမ်းသွားသောအခါ ဒေသခံတိုင်းရင်းသားများသည် ငြိမ်းချမ်းခြင်းအရသာနှင့်အတူ ဒေသဖွံ့ဖြိုးရေး၏ ရလဒ်ကောင်းများကိုပါ တစ်ပြိုင်တည်းခံစားကြရသည်။ တာကော်အက်–လွယ်ပန်လုံကားလမ်းကို ဝိန်းကောင်အထိ ဆက်လက်ဖောက်လုပ်ပြုပြင်ပေးခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် တာကော်အက်–ဝိန်းကောင်–ပန်ဆန်းလမ်း ၈၂/၂ မိုင်ကို မြေသားလမ်းအဖြစ် ဖောက်လုပ်နိုင်ခဲ့၏။ ၎င်းအပြင် တာကော်အက်ကူးတို့ဆိပ်နေရာ၌ အလျားပေ၆၀၀ရှိ ဘေလီကြိုးတံတားအမျိုးအစား သံလွင်တံတား(တာကော်အက်)ကို ၁၉၉၅ခု ဧပြီ ၁ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ၁၂ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ပြည်ထောင်စုနေ့၌ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်၍ တံတားဖွင့်ပွဲ အခမ်းအနားသည် ပို၍အနှစ်သာရ ပြည့်ဝခဲ့သည်။

၁၉၉၇ ခုနှစ် ဇွန်လ၁၂ရက်နေ့၌ ကျင်းပပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တန့်ယန်းမှ ပန်ဆန်းအထိ ငါးနာရီဖြင့် ခရီးပေါက်အောင် **တာကော်အက်–ဝိန်းကောင်–ပန်ဆန်းလမ်းအား ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးရန်** လမ်းညွှန်ခဲ့သည်။

ယင်းလမ်းညွှန်ချက်အရ တာကော်အက်–ဝိန်းကောင်–ပန်ဆန်းလမ်း ၈၂/၂မိုင်အား အပိုင်းသုံးပိုင်းခွဲ၍ ပေ ၃၀ အကျယ် မြေသားလမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းလုပ်ငန်းများကို ၁၉၉၈–၁၉၉၉ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၀–၂၀၀၁ ဘဏ္ဍာနှစ်အဆုံးတွင် ပြီးစီးခဲ့ပြီး လားရှိုး–ပန်ဆန်း နေ့ချင်းပေါက် သွားလာနိုင်ပြီဖြစ်သည်။ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ရာ လိုအပ်သော ကျောက်များ အလုံအလောက် ထုတ်ယူရန် အခက်အခဲများရှိခဲ့သော်လည်း ၂၀၀၄ ခုနှစ် ဇွန်လလယ်အထိ ကတ္တရာလမ်း ၃၄/၂ မိုင် ပြီးစီးခဲ့ပါသည်။ လုပ်ငန်းအားလုံး လာမည့် ပွင့်လင်းရာသီ ပြီးစီးရန်အတွက် ယခုမိုးတွင်းကာလကတည်းက ကျောက်ထုတ်လုပ်စုပုံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာများက ကြီးကြပ်၍ ဒေသခံ တိုင်းရင်းသားများကလည်း တက်ကြွစွာပါဝင်ကူညီကြ၏။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဆိုပါလမ်းတစ်ခုလုံး ကတ္တရာခင်းခြင်းလုပ်ငန်း အမြန်ပြီးစီးရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်ကိုယ်တိုင် သွားရောက်စစ်ဆေးကြပ်မတ်ခဲ့သည်။ ထိုလမ်းအတွက် အသုံးပြုနေသော ယာဉ်/ယန္တရားများ အရှိန်အဟုန်မပျက် လုပ်ငန်းခွင်ဝင်နိုင်ရေး စဉ်ဆက်မပြတ် ပြုပြင်သုံးစွဲရန်နှင့် စက်အပိုပစ္စည်းများ အရန် ဝယ်ယူထားရှိရန်၊ လိုအပ်သော ကျောက်သယ်ယာဉ်များ၊ ကျောက်ခွဲစက်များ ထပ်မံဖြည့်တင်းပေးရန်စသော လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ အလားတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေတို့ကလည်း မပြတ်သွားရောက် ကြည့်ရှုစစ်ဆေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

အကယ်၍သာ တာကော်အက်–ပန်ဆန်းလမ်းတစ်ခုလုံး ကတ္တရာခင်းခြင်းလုပ်ငန်း ပြီးစီးသွားပါက 'ဝ' ဒေသမှ သွေးချင်းများ လားရှိုးသို့ ခုနစ်နာရီဖြင့် ခရီးပေါက်ပြီး ပန်ဆန်းမှ မန္တလေးသို့ ရာသီမရွေး နေ့ချင်းပေါက် သွားလာနိုင်မည်ဖြစ်သည်။ ထိုမှ အခြားပြည်နယ်/တိုင်း ဒေသအနှံ့အပြားသို့ အဆင်ပြေချောမွေ့စွာ ခရီးဆက်နိုင်မည်ဖြစ်သည်။ 'ဝ'သွေးချင်းများ လူမှုစီးပွား မြင့်မားတိုးတက်လာမည်ဖြစ်သကဲ့သို့ ဒေသတစ်ခုနှင့်တစ်ခု အပြန်အလှန် ကူးလူးဆက်ဆံခြင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် များစွာ အထောက်အကူပြုသော လမ်းတစ်ခုဖြစ်လာပေဦးတော့မည်။

ကလေးဝ–မော်လိုက်လမ်း

ကလေးဝမြို့နှင့် မော်လိုက်မြို့များသည် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိပြီး ထိုမြို့နှစ်မြို့အကြား၌ ယခင်က မြေသားလမ်း လမ်းကြမ်းတစ်ခုရှိခဲ့သော်လည်း ထိုလမ်းမှာ တောက်လျှောက်မပေါက်၍ အားမကိုးသာခဲ့။ သို့ဖြစ်၍ မော်လိုက်မြို့မှာ ချင်းတွင်းမြစ်ကြောင်းလမ်းတစ်ခုတည်းကိုသာ အားထားနေခဲ့ရသည်။ မော်လိုက်မြို့မှ မြို့နယ်ချင်းဆက်စပ်နေသော ကလေးမြို့၊ ကလေးဝမြို့များသို့ ဆက်သွယ်သွားလာနိုင်ရေးအတွက် မော်တော်ကားလမ်းတစ်ခု အမှန်တကယ်လိုအပ်လျက်ရှိသဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၂ ခုနှစ် ဒီဇင်ဘာလအတွင်း သွားရောက် စစ်ဆေးကြည့်ရှုခဲ့သော စစ်ကိုင်းတိုင်းခရီးစဉ်တွင် **ကလေးဝ–မော်လိုက်လမ်းအား ရာသီမရွေးသွားလာနိုင်သော အမာခံကျောက်လမ်းအဖြစ် ဖောက်လုပ်သွားရန်** လမ်းညွှန်ခဲ့ပါသည်။ ယင်းလမ်းညွှန်ချက်အရ ၎င်းလမ်း အမြန်ဖောက်လုပ်ပြီးစီးရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ကလေးဝ–မော်လိုက်လမ်း၏ ယခင်အခြေအနေမှာ ကုန်းမြင့်နှစ်ခုအကြား သွယ်တန်းဖောက်လုပ်ထားသော ၁၂ပေ အကျယ် မြေသားလမ်းဖြစ်နေခြင်း၊ သဲချောင်းများကို ဖြတ်ကျော်ရခြင်း၊ ရေဝပ်ဧရိယာများပြားခြင်း၊ အချို့အပိုင်းတွင် လှည်းလမ်းနှင့် လူသွားလမ်းအဆင့်သာ ဖြစ်နေခြင်းတို့ကြောင့် လမ်းအူကြောင်းသစ် ထပ်မံရှာဖွေ၍ ၁၈ ပေအကျယ် မြေသားလမ်းနှင့် ၁၂ ပေ အကျယ် ကျောက်ခင်းလမ်း ဖောက်လုပ်သွားရေး ပဏာမ လျာထားဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၃ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် လမ်းအူကြောင်းသစ်ရှာဖွေခြင်း လုပ်ငန်း စတင်ခဲ့ပြီး မြေသားလမ်းဖောက်လုပ်ခြင်းအား အမှတ်(၉၁၆) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းက တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ၂၀၀၄ ခုနှစ် မတ်လ ၂၁ ရက်နေ့၌ မြေသားလမ်း ၃၆/၀ မိုင် ဖောက်လုပ်ပြီးစီးခဲ့သည်။ ထို့အပြင် ယင်းလမ်းအား ပေ ၄၀ အကျယ် မြေသားလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ၂၀၀၄ ခုနှစ် ဇွန်လပထမပတ်အတွင်း ပြီးစီးခဲ့သည်။

ကလေးဝ–မော်လိုက်လမ်းသည် ၃၆/၀ မိုင်အရှည်ရှိပြီး ကျောက်ခင်းခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံတပ်ရင်း၊ တပ်ဖွဲ့များမှ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၆/၄ မိုင် ကျောက်ခင်းပြီးဖြစ်သည်။ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့်တစ်ပြိုင်တည်း တံတားများ တည်ဆောက်လျက်ရှိရာ ပေ ၇၀ အောက် တံတားငယ် ၁၄ စင်း တည်ဆောက်ပေးပြီးဖြစ်သည်။ ယင်းလမ်းပေါ်တွင် တည်ဆောက်ပေးရန် လိုအပ်သော ပေ ၁၀၀ အထက် တံတား ၁၀ စင်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ပေးသွားမည်ဖြစ်သည်။

ကလေးဝ–မော်လိုက်လမ်းကို ကလေးဝ–မုံရွာလမ်း၊ ကလေး–တမူးလမ်းမကြီးများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်စေရေးအတွက် မြစ်သာ မြစ်ကူးတံတားအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ယင်းတံတား၏ ချဉ်းကပ်လမ်းနှင့် ဖြောင့်တန်းစွာရှိစေရန် အရှည်ပေ ၆၉၀ မြေသားတာပေါင်ဖို့ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ခဲ့သည်။ ကလေးဝ–မော်လိုက်ကျောက်ချောလမ်း ဖောက်လုပ်ပြီးစီးပါက ကလေးဝမြို့နှင့် မော်လိုက်မြို့အကြားရှိ ကျေးရွာ ၃၄ ရွာအနေဖြင့် ရေကြောင်းလမ်းတစ်ခုတည်းကိုသာ မှီခိုနေရသည့် အခြေအနေမှ လွတ်ကင်းသွားမည်ဖြစ်သည်။ မော်လိုက်မြို့အနေဖြင့်လည်း ကလေးဝမြို့၊ ကလေးမြို့၊ တမူးမြို့၊ မုံရွာမြို့များသို့ ကုန်းလမ်းခရီးဖြင့် ဆက်သွယ်နိုင်မည်ဖြစ်ရာ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာပြီး ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ် ဖြစ်ထွန်းစေမည့် လမ်းတစ်လမ်းဖြစ်ပါသည်။

လောက်ကိုင်–ကုန်းကြမ်းလမ်း

ကိုးကန့်ဒေသသည် နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပထမဦးဆုံး ဆောင်ရွက်ပေးခဲ့သည့် ဒေသဖြစ်သကဲ့သို့ ၄၂ မိုင် ဝေးကွာသော လောက်ကိုင်–ကုန်းကြမ်းလမ်းမှာလည်း ကိုးကန့်ဒေသဖွံ့ဖြိုးရေးအဖြစ် စတင်ဆောင်ရွက်ပေးခဲ့သော လမ်းတစ်လမ်းဟုဆိုလျှင် မှားအံ့မထင်။ ထိုလမ်းကို ၁၉၈၉–၁၉၉၀ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကိုးကန့်ငြိမ်းချမ်းရေးအဖွဲ့က တာဝန်ယူ၍ မြေသားလမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့သည်။ ၁၉၉၃–၁၉၉၄ ဘဏ္ဍာရေးနှစ်မှစ၍ ကျောက်ခင်းလမ်းအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဆိုင်ရာလုပ်ငန်းကော်မတီက နှစ်စဉ် အပိုင်းလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းပေါင်းများစွာ ကုန်ကျခဲ့ပြီး ၁၉၉၉–၂၀၀၀ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း ဖောက်လုပ်ပြီးစီးခဲ့သည်။

ဂျပန်–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်ဖြင့် ကိုးကန့်ဒေသ လောက်ကိုင်–ကုန်းကြမ်းလမ်း ၄၂/၀ မိုင်အနက် လောက်ကိုင်–တာရွှေထန် လမ်းအပိုင်း ၆/၂ မိုင်ကို ဂျပန်နိုင်ငံ Katahira & Engineers International ၏ ကြီးကြပ်မှုဖြင့် ကတ္တရာခင်းခဲ့ပြီး ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် အဆိုပါ လမ်းပိုင်းဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။ ကျန်လမ်းအပိုင်းများ ကတ္တရာခင်းခြင်းလုပ်ငန်းအား ဆက်လက်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ဟိုမိန်း–တာဆွတ်တိန်းလမ်း

၁၉၉၆ ခုနှစ် ဟိုမိန်းသို့ ကျွန်တော်ရောက်ရှိခဲ့စဉ် ကနဦးလမ်းအူကြောင်းသည် တာအွန်းမူ–ပွိုင့် ၃၇၇၅–မယိုးယံ–နမ့်လင်း–ဟိုမိန်းဖြစ်သည်။ တာဆွတ်တိန်း ကူးတို့ဆိပ်မှ တာအွန်းမူ ကူးတို့ဆိပ်အထိ ဆန်တက်ရသည်။ သံလွင်မြစ်သည် စက်လှေငယ်များအား ရေများလျှင်လည်း ဒုက္ခပေးသည်။ ရေနည်းလျှင်လည်း ကျောက်ဆောင်များပေါ်မှ ရေတံခွန်ကဲ့သို့ ပြတ်ကျသွားတတ်သည်။ ဟိုမိန်းသို့အတက်လမ်းကြောင်းကလည်း မတ်စောက်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ခရီးစဉ်တွင်–

"ဟိုမိန်းမြို့သည် နယ်စပ်နှင့် သံလွင်မြစ်အကြား အဓိက ကျသည့်နေရာ ဖြစ်ပေရာ အမာခံလမ်းရှိပြီးဖြစ်သည့် နေရာလည်းဖြစ်၍ မြေလမ်း၊ ကျောက်ချောလမ်းကို လိုအပ်သလိုဖြည့်တင်း စီစဉ်ဆောင်ရွက်ပေးသွားရန်"

လမ်းညွှန်ခဲ့ပါသည်။

ယင်းလမ်းညွှန်ချက်အရ ဟိုမိန်း–တာဆွတ်တိန်း လမ်းအား အမာခံကျောက်လမ်းအဖြစ် ဖောက်လုပ်သွားရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယခုရွေးချယ်ထားသော လမ်းကြောင်းသည် တာဆွတ်တိန်းမှ တည့်မတ်စွာ ဖောက်ထွက်ပြီး လမ်းကြောင်းတို၍ ၃၅ မိုင်သာ ကွာဝေးသည်။ ၎င်းလမ်းအား နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဒေသခံတိုင်းရင်းသားများက မြေသားလမ်း ဖောက်လုပ်ခဲ့ပြီး ကျောက်ခင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့သည်။ ၎င်းလမ်း၏ အချို့သော မတ်စောက်သည့် အတက်အဆင်းနေရာများ အပါအဝင် လိုအပ်သည့်နေရာများတွင် လမ်းပိုင်းအလိုက် ကတ္တရာခင်း၍ အသုံးပြုမည်ဖြစ်ပေသည်။ ယင်းလမ်းပေါ်တွင် တံတားငယ် လေးစင်းနှင့် ပေ ၁၆၀ အရှည်ရှိ တံတားတစ်စင်း တည်ဆောက်ထားပြီးဖြစ်သည်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ခဲ့သော ၁၉၈၉ ခုနှစ်မှ ယနေ့အချိန်အထိ နယ်စပ်တစ်ခွင်စည်ပင်ခဲ့ပါသည်။ နယ်စပ်ဒေသအသီးသီးတွင် နိုင်ငံတော်အစိုးရက အဓိကကျသောလမ်းများကို ပြုပြင်ဖောက်လုပ်ပေးသကဲ့သို့ ဒေသခံတိုင်းရင်းသားများကလည်း မိမိတို့ဒေသအတွင်း၌ မြို့တွင်းလမ်းများ၊ မြို့ချင်းဆက်လမ်းများ၊ ဒေသချင်းဆက်လမ်းများကို စွမ်းအားရှိသရွေ့ လက်တွဲညီညီကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ သည့်အတွက် ဒေသတစ်ခုချင်းတွင် ကွန်ရက်သဖွယ်ယှက်နွယ်နေသော လမ်းများစွာ ပေါ်ပေါက်လာခဲ့သည်။

ဤမည်သောလမ်းများသည် နိုင်ငံတော် ထာဝရတည်ငြိမ်အေးချမ်းသာယာရေးကို ရှေးရှုနေသည့် ငြိမ်းချမ်းရေး ပန်းခင်းလမ်းများဖြစ်ကြသည်။ ဤမည်သောတံတားများသည် တိုင်းရင်းသားလူမျိုးအချင်းချင်း ရင်းနှီးချစ်ကြည်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထာဝစဉ်ထွန်းကားပြန့်ပွားရေးကို ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေး ပန်းတံတားများဖြစ်ကြသည်။ ပြည်ထောင်စုစိတ်ဓာတ် ပန်းရနံ့သင်းပျံ့နေသော ပန်းခင်းလမ်းနှင့် ပန်းတံတားများပေါ်မှ ဖြတ်သန်း၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ လက်တွဲညီညီ လျှောက်လှမ်းကြပါစို့။ ။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။(အပေါ်ပုံ)နှင့် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဘနားရပ်စ်ဟိန္ဒူတက္ကသိုလ်မှ မဟာဝိဇ္ဇာရွှေတံဆိပ်ဘွဲ့ (M.A)နှင့် ဗာရာဏသီမြို့ စန်စခရစ် တက္ကသိုလ်မှ ပါရဂူဒေါက်တာ (Ph.D)ဘွဲ့ရ ဒေါက်တာ အရှင်ပညာဇောတအား ဖူးတွေ့ရစဉ်။
(ဝဲပုံ) (သတင်းစဉ်)

အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဘနားရပ်စ်ဟိန္ဒူတက္ကသိုလ်မှမဟာဝိဇ္ဇာရွှေတံဆိပ်ဘွဲ့(M.A)နှင့် ဗာရာဏသီမြို့စန်စခရစ်တက္ကသိုလ်မှ ပါရဂူဒေါက်တာ(Ph.D)ဘွဲ့ရ ဒေါက်တာအရှင်ပညာဇောတအား ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ကြည်ညိုပူဇော်

ရန်ကုန် ဩဂုတ် ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးဓမ္မာရုံ၌ ကျင်းပသည့် စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သီတဂူဆရာတော်ကြီး၏ တပည့် အိန္ဒိယသမ္မတနိုင်ငံ ဗာရာဏသီမြို့ ဘနားရပ်စ် ဟိန္ဒူတက္ကသိုလ်မှ မဟာဝိဇ္ဇာရွှေတံဆိပ်ဘွဲ့ (M.A.)နှင့် ဗာရာဏသီမြို့ စန်စခရစ်တက္ကသိုလ်မှ ပါရဂူဒေါက်တာ(Ph.D)ဘွဲ့ရ သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ် လက်ထောက်မော်ကွန်းထိန်း ပါမောက္ခ ဒေါက်တာ အရှင်ပညာဇောတအား ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာသဘင်အခမ်းအနားသို့ တက်ရောက်ကြည်ညိုပူဇော်သည်။

ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာသဘင်အခမ်းအနားသို့နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော ပင့်ဖိတ်တော်မူထားသည့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပူဇော်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ အလှူရှင်လူမှုထူးချွန် (ပထမဆင့်) သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း၊ ဇနီး သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီဒေါ်နီ (ရွှေသံလွင်)မိသားစုနှင့် ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရဂုဏဝိသိဋ္ဌပူဇာမင်္ဂလာသဘင်အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ မဟာထေရ်မြတ်ထံမှ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရနှင့် အပူဇော်ခံ ဒေါက်တာ အရှင် ပညာဇောတတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်တို့က ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အလှူရှင်လူမှုထူးချွန် (ပထမဆင့်) သီဟသုဓမ္မ မဏိဇောတဓရသီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း၊ ဇနီး သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နီ (ရွှေသံလွင်မိသားစု)တို့က မြန်မာနိုင်ငံ၌ ကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံအထိမ်းအမှတ် ဗုဒ္ဓသာသနာပြု ရောင်စုံဇာတ်ကားကြီး ရိုက်ကူးထုတ်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၅၀၀ ကို လည်းကောင်း၊ ရွှေသံလွင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဇနီး ဒေါ်နန်းမောက်လောဝ်ဆိုင်တို့က သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ဆက်လက်၍ အခမ်းအနားမှူး ရန်ကုန်တိုင်း သာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်ကအပူဇော်ခံ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် လက်ထောက်မော်ကွန်းထိန်းပါမောက္ခ ဒေါက်တာအရှင် ပညာဇောတ (M.A,Ph.D)၏ ထေရုပ္ပတ္တိ အကျဉ်းကို ဖတ်ကြားပူဇော်သည်။

ထို့နောက် နိုင်ငံကျော် အဆိုတော် ဒေါ်ရီရီသန့်နှင့် ဒေါ်နှင်းရီသန့်တို့က ဂုဏပူဇာမင်္ဂလာရတု တေးထပ်တို့ဖြင့် သီဆိုပူဇော်ကြသည်။

ယင်းနောက် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ပရိသတ်တို့က ဂုဏ်ပြုသြဝါဒကထာနှင့် အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာသဘင်အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်္ဂလာ ရွှေမိုး၊ငွေမိုး ရွာသွန်းဖြိုးပေးသည်။ ဒေါက်တာအရှင်ပညာဇောတ (M.A,Ph.D)သည်ရန်ကုန်တိုင်းမော်ဘီမြို့နယ် မြောင်းတကာရွာ၌ အဖ ဦးကြီးစိန်–အမိဒေါ်မြတင်တို့မှ ၁၃၃၀ပြည့် သီတင်းကျွတ်လဆန်း ၉ရက် ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည့် အငယ်ဆုံးသားရတနာဖြစ်သည်။

ရဟန်းအဖြစ်ရောက်ရှိ

အရှင်ပညာဇောတသည် ၁၃၄၁ ပြည့်နှစ်ဝါဆိုလတွင်ရန်ကုန်တိုင်းမော်ဘီမြို့နယ် မြောင်းတကာရွာ သိမ်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ပဗ္ဗဇ္ဇအမွေ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ၁၃၅၂ ခု ပြာသိုလပြည့်နေ့၊ ၁၉၉၀ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက်တွင် မွန်ပြည်နယ် သထုံမြို့ ရန်ကင်းလမ်း အမှတ် (၁၀)နေ ဆားလုပ်ငန်းပိုင်ရှင် ဦးထွန်းငြိမ်း–ဒေါ်စောကြည်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြုလျက် ယင်းကျောင်းတိုက် သီလဝိသောဓနီခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ပညာဇောတသည် ဥပဇ္ဈာယ်ဆရာ သိမ်ကျောင်းဆရာတော်ထံ၌ အခြေခံ ပါဠိစာပေများ သင်ယူခဲ့ပြီး ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အမှူးပြုသော စာချဆရာတော်များထံ၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် ဓမ္မာစရိယတန်းဆိုင်ရာ ပါဠိစာပေများ သင်ယူခဲ့ကာ ၁၉၉၆ခုနှစ်မှစ၍ စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော်စသောစာချဆရာတော်များထံမှ အင်္ဂလိပ်စာ စာပေများကို စတင်လေ့လာသင်ယူခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ *

လူမှုထူးချွန်(ပထမဆင့်) သီဟသုဓမ္မ မဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်းနှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီ(ရွှေသံလွင်မိသားစု)တို့က မြန်မာနိုင်ငံ၌ ကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ အထိမ်းအမှတ် ဗုဒ္ဓသာသနာပြု ရောင်စုံ ဇာတ်ကားကြီး ရိုက်ကူးထုတ်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း၅၀၀ကို သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❀ ရွှေဖုံးမှ

တိုက်အုပ်ဆရာတော်နှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး၊ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော် အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ တက်ရောက် ကြည်ညိုကြသည်။ အခမ်းအနားတွင် အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူး... ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ်ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်... ကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံ... အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့က ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကိုးပါးသီလခံယူ

ရွှေဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဝါဆိုသင်္ကန်းဆက်ကပ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက်ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသအား ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော်ကြီးအား လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများကို နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် တိပိဋက ဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံ ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့တို့သည် ဆရာတော်ကြီးများအား ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

ထို့နောက် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက်ကြီး၏ ပဓာန နာယက ဆရာတော်ကြီးကိုယ်စား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက်ပဓာန နာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဇနီး ဒေါ်ကြိုင်ကြိုင်နှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်... (တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ်... (ကြည်း၊ရေ၊လေ)မိသားစုများ၏ ပဌမအ... ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့်...

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများ၏ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနားတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

...ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်များက ရန်ကုန်တိုင်း ...သင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ...ဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ ...ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နေ့ဆွမ်း ဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်များက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့တို့သည် ဆရာတော်ကြီးများအား ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်တို့အား ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိကာယ်ငါးရပ်ပိဋကတ်သုံးပုံစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ အရှင်သူမြတ်က ရေစက်ချ အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

အမှူးပေးဝေ

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမှူးပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနားအပြီးတွင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီးဒေါ်ခင်သန်းနွဲ့ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားအပြီးတွင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားအပြီးတွင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူစဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကိုဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

✻ စာမျက်နှာ ၉ မှ

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူကြသည်။ (သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။



ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် သာသနာရေးရာများဆောင်ရွက်

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၂ ရက်တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီး တိုက်နယ်ဆေးရုံရှေ့ မြက်ခင်းပြင်၌ ဆမီးကျေးရွာရှိ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

လှျောက်ထား

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆမီး ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းသို့ ရောက်ရှိပြီး ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ပဏ္ဍိတအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၄ရက်တွင် ချင်းဒေါက်ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် အသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ အမှာစကားပြောကြားပြီး ချင်းဒေါက်ရွာနှင့် ကုန်းတော်ကျေးရွာများအတွင်းရှိ တံတားများ ပြုပြင်ရန်အတွက် အလှူငွေကျပ် နှစ်သိန်း၊ ဗလာစာအုပ်နှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၅ရက် နံနက် ၈နာရီတွင် မီးဇာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ မီးဇာကျေးရွာနှင့် ကျောက်ပုလ္လင်ကျေးရွာများရှိ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် အသင်းဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး မီးဇာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းအတွက် မတည်ငွေ ကျပ်တစ်သိန်းနှင့် ဗလာစာအုပ်များ၊ ကျောက်ပုလ္လင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် အလှူငွေ ကျပ်သုံးသောင်း၊ ဗလာစာအုပ်များနှင့် ဒေသခံ ပြည်သူများအတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မီးဇာထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းသို့ ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တပဏ္ဏဝအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ် လှူဒါန်းပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ထိုမှ ဥဿလင်း စေတီတော်မြတ်သို့ ရောက်ရှိပြီး ဒေသခံ ပြည်သူများ၊ ဂေါပကအဖွဲ့တို့နှင့် တွေ့ဆုံကာ ဘုရားဘက်စုံ ပြုပြင်မွမ်းမံရေးအတွက် အလှူငွေကျပ်လေးသောင်း ထည့်ဝင်လှူဒါန်းပြီး စေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

လှူဒါန်း

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၅ရက် နံနက်ပိုင်းတွင် ပလက်ဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားသည်။ ထို့နောက် ပလက်ဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး အသင်းရုံးအား စစ်ဆေးကြည့်ရှုကာ အမှုဆောင်များနှင့် တွေ့ဆုံ၍ အသင်းရုံးအဆောက်အအုံ ရေရှည်တည်တံ့ရေး၊ အသင်းသားအင်အား စိစစ်ခြင်းနှင့် စည်းရုံးရေးကိစ္စရပ်များ၊ စုဖွဲ့မှုနှင့် ပတ်သက်သည်များကို လမ်းညွှန်မှာကြားကာ အသင်းရုံးတွင် အသုံးပြုရန်အတွက် ကွန်ပျူတာ တစ်လုံး လှူဒါန်းသည်။

ထိုမှတစ်ဆင့် ပလက်ဝမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုကျောင်းသို့ ရောက်ရှိပြီး ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ပေါ်ရှိ ရခိုင်ပြည်နယ် သံဃနာယကဥက္ကဋ္ဌ ဒက္ခိဏာရာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒအား သွားရောက်ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် ခေမာမဏ္ဍိုင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ရောက်ရှိပြီး ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈–၈–၂၀၀၄ (တနင်္ဂနွေနေ့)

၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ

၈:၀၅ ၆။ အဆိုပြိုင်ပွဲ

၈:၂၀ ၇။ ဒါးကတံတား (ဧရာဝတီတိုင်း)

၈:၂၀ ၈။ International News.

၈:၄၅ ၉။ Island of Dhamma.

၈:၅၀ ၁၀။ **ဘဒ္ဒန္တပညိန္ဒာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) ဒုတိယဥက္ကဋ္ဌ ဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၊ဩဝါဒါစရိယဆရာတော် မဟာအောင်မြေဘုံစံကျောင်းတိုက် ဗဟန်း ရန်ကုန်မြို့ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း**

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း–၁၆)**

၁၂:၁၅ ၅။ မြန်မာ့ဆေးလောက၏ မေးရိုးနှင့်ခံတွင်း ခွဲစိတ်အောင်မြင်မှု

၁၂:၂၀ ၆။ **မြန်မာရုပ်ရှင် ချစ်နှင်းဝေဝေ (စိုးသူ၊ မေသန်းနု၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ–သက်မောင်မောင်)**

၂:၄၅ ၇။ International News.

၃:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ အမှတ်(၃) အခြေခံပညာဦးစီးဌာန ၂၀၀၃–၂၀၀၄ခုနှစ် ပညာရေးစုံညီပွဲတော်(ဗဟိုအဆင့်) ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ(ဒုတိယဆု) (အထက–၄၊ မင်္ဂလာတောင်ညွန့်) (အမျိုးသားဝတ်ရွတ်အဖွဲ့)

၄:၅၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒ၊ ရူပဗေဒ အထူးပြုများ) (သတ္တဗေဒ)

၅:၁၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ

၅:၂၀ ၆။ မြန်မာစာ၊ မြန်မာစကား

၅:၃၀ ၇။ တိတ်ဆိတ်ငြိမ်းချမ်း စိတ်ချမ်းမြေ့စရာ ဓမ္မစွမ်းရည်သာသနာ့ရိပ်သာ

၅:၄၅ ၈။ ဆိုကြမယ်၊ ယော်ကြမယ်

၆:၃၀ ၉။ ညနေခင်းသတင်း

၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ် (အပိုင်း–၄)**

၇:၃၅ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား

၇:၄၅ ၁၃။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း)

၈:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခုတည်းသော အချစ် (အပိုင်း–၁၄)**

၁၈။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။



မော်လမြိုင်အသင်း(ရန်ကုန်)၏ (၇၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၃၁ရက်က ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ကျင်းပရာ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်း ထေရဝါဒသာသနာပြု ဩဝါဒါစရိယဆရာတော် ဦးဝိစိတ္တဉာဏ အမှူးရှိသော ပင့်သံဃာများအား အသင်းနာယက ဗိုလ်မှူးချုပ်သာဌေး(ငြိမ်း)၊ ဥက္ကဋ္ဌ ဦးရွှေဘော်နှင့်အမှုဆောင်များ၊အသင်းသူ၊အသင်းသားများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

၂၀၀၄ခုနှစ် မိုးရာသီ အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၇

အားကစားဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်တို့ကကြီးမှူး၍ ၂၀၀၄ခုနှစ် မိုးရာသီ အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၅နာရီ မိနစ် ၄၀တွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က သေနတ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက နံနက် ၆နာရီတွင် သေနတ်ဖောက်တာလွှတ်ရာ ပြိုင်ပွဲဝင် အားကစားသမားများသည် ဆေဇယန္တာလမ်းအတိုင်း တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ မင်္ဂလာဒုံ ဥယျာဉ်မြို့တော်တို့ကို ဖြတ်ပြီး ခရေပင်လမ်းခွဲမှပြည်လမ်းအတိုင်း ထောက်ကြန့်သို့လည်းကောင်း၊ ထောက်ကြန့်မှ လှည်းကူးမြို့နယ် အင်းတိုင်တို့ကို ဖြတ်ပြီး ပဲခူးမြို့အဝင် လမ်းလယ်ကျွန်းအဆုံးနံပါတ်(၁)သို့ ပြိုင်ပွဲဝင်များ စီးနင်း၍ ၎င်းမှပြန်ကွေ့ပြီး လာလမ်းအတိုင်း ပြန်လည် စီးနင်းလျက် ပြည်လမ်းမပေါ်ရှိ ဒေဂုံအထည်ချုပ် စက်ရုံရှေ့ (ပျဉ်းမပင်)သို့ ပန်းဝင်ကြသည်။

ဆုချီးမြှင့်

ဆုချီးမြှင့်ပွဲအခမ်းအနားကို မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ပွဲဝင်း အထူးတန်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရွှေသံလွင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကီလိုမီတာ ၈၀ ပြိုင်ပွဲ

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်အေးအေးက အမျိုးသမီး ကီလိုမီတာ (၈၀)ပြိုင်ပွဲတွင် စံချိန် ၃နာရီ ၅၈မိနစ် ၁၅ဒသမ ၃၁စက္ကန့်ဖြင့် ပထမရရှိရသော ခင်စိုးငွေ(မြို့တော်စည်ပင်)၊ ဒုတိယ ရရှိသော မိုးစန္ဒာဦး (မြို့တော်စည်ပင်)နှင့် တတိယရရှိသော စုစုဝေ (မွေး/ရေ) တို့အား ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဒေါ်အယ်လ်ခွန်းရီက စတုတ္ထရရှိသော ရှရီ(မြို့တော်စည်ပင်)နှင့် ပဉ္စမရရှိသော ခိုင်မာဦး (မြေတိုင်းဦးစီးဌာန)တို့အား လည်းကောင်း၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ရွှေသံလွင်ကုမ္ပဏီ ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နန်းမောက်လောဝ်ဆိုင်က နှစ်သိမ့်ဆု ရရှိကြသော ယုယုမာ၊ အေးအေးသင်း၊ ခင်မာဦး၊ သန်းသန်းကျင်နှင့် သက်မြတ်ဦးချစ်တို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် ဒေါ်ကြည်ကြည်ဝင်းက အမျိုးသားကီလိုမီတာ ၁၆၀ပြိုင်ပွဲတွင် စံချိန် ၄နာရီ ၀၁ မိနစ် ၂၄စက္ကန့်ဖြင့် ပထမရရှိသော ဝင်းလှိုင်(ရန်ကုန်တိုင်း)၊ ဒုတိယရရှိသော ကြည်မိုးအောင် (ဘဏ္ဍာ/အခွန်)နှင့် တတိယရရှိသော ဇေယျာဝင်း (လယ်ယာ/ဆည်မြောင်း) တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က စတုတ္ထရရှိသော မောင်မော်နေယု (ရန်ကုန်တိုင်း)နှင့်ပဉ္စမရရှိသောသက်နိုင်ဦး (ဘဏ္ဍာ/အခွန်)တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ဆဋ္ဌမရရှိသော ထွန်းထွန်း (ရန်ကုန်တိုင်း)နှင့် သတ္တမရရှိသော မင်းဇော် (မန္တလေး)တို့အားလည်းကောင်း၊ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်သူက အဋ္ဌမရရှိသော ခင်မောင်ချို (လယ်ယာ/ဆည်မြောင်း) အားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်းက နဝမရရှိသော အောင်ခင်ကျော်အား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မိုးက ဒသမရရှိသော မင်းမင်းဟန်(မန္တလေး)အားလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ကြသည်။

တာယာများလှူဒါန်း

ထို့နောက် ရွှေသံလွင်ကုမ္ပဏီက လှူဒါန်းသော စက်ဘီးတာယာ အလုံး ၂၀၀ ကို မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တွဲဖက် အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းစန္ဒာဦးက လက်ခံသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ကြေးမုံက မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းအား သိလိုသည်များကို မေးမြန်းခဲ့သည်။ ဦးကျော်ဝင်းက ပြောကြားရာတွင် "ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် အားလုံးက ဝိုင်းဝန်းကူညီပေးကြကြောင်း၊ ကလော–တောင်ကြီး၊ မန္တလေး–ပြင်ဦးလွင် တာဝေးစက်ဘီး ပြိုင်ပွဲများကျင်းပရန် စီစဉ်နေကြောင်း" ပြောကြားသွားသည်။

ဆက်လက်၍ ဆုရအားကစားသမားများအား ကြေးမုံက မေးမြန်းခဲ့ရာ အမျိုးသားပြိုင်ပွဲ ပထမဆုရ ဝင်းလှိုင် (ရန်ကုန်တိုင်း) က "ယခုပြိုင်ပွဲတွင် ပထမဆုရရှိရေး အထူးကြိုးစားခဲ့ကြောင်း၊ ပြိုင်ဘက်များကို ပဲခူးသို့အသွား အင်းတကော်မှာပင် စတင် ဖြတ်ချန်ခဲ့ပြီး ပန်းဝင်လာသည်အထိ တောက်လျှောက် ဦးဆောင်နိုင်ခဲ့ကြောင်း၊ ယခုလို ဆုရသည့်အတွက် ဝမ်းသာမိကြောင်း၊ ယခုပြိုင်ပွဲအတွက် လေ့ကျင့်မှု တစ်လရကြောင်း၊ ယခုလို တာဝေးစက်ဘီးပြိုင်ပွဲများ ကျင်းပသည့်အတွက် စက်ဘီးလောက တိုးတက်လာမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

အမျိုးသမီး ပထမ

အမျိုးသမီးပြိုင်ပွဲပထမဆုရ ခင်စိုးငွေ (မြို့တော်စည်ပင်)က မိမိအနေဖြင့် တာဝေးစက်ဘီးပြိုင်ပွဲတွင် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို ရရှိခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲအတွက် လေ့ကျင့်ချိန် ငါးလလောက်ရရှိကြောင်း၊ ပြိုင်ဘက်များကို သူတင်ကိုယ်တင် ယှဉ်ပြိုင်ပြီးမှ အနိုင်ရခြင်းဖြစ်ကြောင်း၊ ရှေ့လာမည့်ပြိုင်ပွဲများတွင် အနိုင်ရရှိအောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

မြန်မာစက်ဘီးလောက ပြန်လည်ဦးမော့လာရေးအတွက် နာယကကြီးများ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း အပါအဝင် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များပါ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

(ကြေးမုံ)

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်တို့ကကြီးမှူး၍ ၂၀၀၄ခုနှစ် မိုးရာသီ အမျိုးသား၊ အမျိုးသမီးစက်ဘီးပြိုင်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် ဒေါ်ကြည်ကြည်ဝင်းက အမျိုးသား ကီလိုမီတာ(၁၆၀)ပြိုင်ပွဲတွင် ပထမဆုရ ဝင်းလှိုင် (ရန်ကုန်တိုင်း) အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မိုးရာသီ စက်ဘီးပြိုင်ပွဲတွင် ပထမဆုရရှိသူ ခင်စိုးငွေ (မြို့တော်/စည်ပင်)နှင့် ဝင်းလှိုင်(ရန်ကုန်တိုင်း) တို့အား ဆုယူအပြီး တွေ့ရစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ကီလိုမီတာ ၈၀

အမျိုးသမီး ကီလိုမီတာ ၈၀ စက်ဘီးပြိုင်ပွဲတွင်ပြိုင်ပွဲဝင်အားကစားသမားများ သူတင်ကိုယ်တင် ယှဉ်ပြိုင်ကြစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ဩဂုတ် ၇ရက်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဇူလိုင် ၂၅ရက်မှ ဩဂုတ် ၂ရက်အထိ ကျင်းပခဲ့သော (၈)ကြိမ်မြောက် အရှေ့တောင်အာရှ ဂျူဒိုပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာရှဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆုနှင့် ငွေတံဆိပ်တစ်ဆုရ အေးအေးသင်း စက်မှု(၁)အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ငွေကျပ်နှစ်သိန်း ချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၀၀၄–၂၀၀၅ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၄ ခု၊ ဩဂုတ်လ (၉)ရက်မှ (၁၃)ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈–၈–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော် ဦးဃောသိတ တရားတော် "ပဋိစ္စသမုပ္ပာဒ်နှင့် ကမ္မဘဝရှင်းတမ်း"**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀	၅။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
	–Consignment Account (ဒုတိယနှစ်–စီးပွား/စီမံ)
၅:၀၀	၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။ နိုင်ငံတကာသတင်း
၆:၂၀	၉။ မိုးလေဝသသတင်း
၆:၂၅	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၁။ မြန်မာ့ရှုခင်း
၆:၄၀	၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်ရည်မိုး" (အပိုင်း–၁၄)**
၈:၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၁၈။ ယနေ့ညအတွက်တေးလက်ဆောင်
	၁၉။ **၂၀၀၄–၂၀၀၅ ခုနှစ်၊ ဘောလုံးရာသီဖွင့်ပွဲ မန်ချက်စတာယူနိုက်တက်နှင့် အာဆင်နယ်**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လအတွက်
(၈–၈–၂၀၀၄)ရက်နေ့နှင့်
(၂၉–၈–၂၀၀၄)ရက်နေ့

✻ စာမျက်နှာ ၇ မှ

အရှင်ပညာဇောတသည် သီတဂူဆရာတော်ကြီး၏ ပညာသင်စရိတ် အထောက်အပံ့ဖြင့် အိန္ဒိယသမ္မတနိုင်ငံ ဗာရာဏသီမြို့ ဘနားရပ်စ် ဟိန္ဒူတက္ကသိုလ် စန်စခရစ်တက္ကသိုလ်တို့သို့ ပညာတော်သင် စေလွှတ်ခံရကာ ၎င်းတက္ကသိုလ်တို့၌ လောကီဆိုင်ရာ M.A. မဟာဝိဇ္ဇာနှင့် Ph.Dဒေါက်တာဘွဲ့များ ရရှိသည်အထိ ၁၉၉၈ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ လေ့လာဆည်းပူးပညာသင်ယူခဲ့သည်။ အရှင်ပညာဇောတသည် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးစဉ်ကာလပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ စာချဘုန်းကြီးအဖြစ်လည်းကောင်းငါးနှစ်တိုင်တိုင် စာသင်တိုက်၏ တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ယခုအခါ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်ကြီး၏ နည်းပြသွန်သင်မှုတို့ကို ခံယူကာ လက်ထောက် မော်ကွန်းထိန်းပါမောက္ခအဖြစ်ဖြင့် အင်္ဂလိပ်စာ စာပေများကို ပို့ချပေးရင်း သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

အရှင်ပညာဇောတသည် အိန္ဒိယသမ္မတနိုင်ငံ ဗာရာဏသီမြို့ ဘနားရပ်စ် ဟိန္ဒူတက္ကသိုလ်မှ မဟာဝိဇ္ဇာ(M.A) တန်းတွင် နှစ်နှစ်ဆက်တိုက် အမှတ်အများဆုံး ပထမရရှိကာ ဘာသာစုံ ဂုဏ်ထူးဖြင့် အောင်မြင်တော်မူသဖြင့် တက္ကသိုလ်ကချီးမြှင့်သော ရွှေတံဆိပ်ဆုကိုဆွတ်ခူးခဲ့ပြီး စန်စခရစ်တက္ကသိုလ်မှ Ph.Dဒေါက်တာဘွဲ့ကိုလည်း ရရှိတော်မူခဲ့သဖြင့် ယခုကဲ့သို့ ရွှေသံလွင်မိသားစု၏ မတည် ဦးဆောင်မှုဖြင့် ရဟန်း ဒါယကာ၊ ဒါယိကာမများက ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာသဘင် ကျင်းပခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ဩဂုတ် ၇ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားအပြီးတွင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူစဉ်။ (သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

ဩဂုတ် ၇ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊လေ)မိသားစုများ၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားအပြီးတွင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူစဉ်။ (သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်အားလုံး တစ်ချိန်တည်းတစ်ပြိုင်တည်းဆောင်ရွက်

လိုက်လံကြည့်ရှု

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း ခရိုင်၊ မြို့နယ်များအတွင်း အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းမှုနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစဉ်။

(ရန်ကုန်တိုင်း)

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ရပ်ကွက် ပြည်သူများက ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်များအလိုက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများဆယ်ယူခြင်း၊ တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြိုဆို

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်ကမ္ဘာအေးစေတီလမ်းနှင့် ဗဟန်း(၃)လမ်းထိပ်သို့ ရောက်ရှိလာရာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးဗိုလ်မှူးကြီးမြင့်အောင်၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အဖွဲ့သည် ဗဟန်း (၃)လမ်းတစ်လျှောက် အမှိုက်များရှင်းလင်းခြင်း၊ လမ်းဘေး ဝဲ/ယာ ရေနုတ်မြောင်းများ ဆယ်ယူခြင်း၊ ရေနုတ်မြောင်းများ၌ ပိုးသတ်ဆေးများ ပက်ဖျန်းခြင်းနှင့် ခြင်ဆေးများမှုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လှိုင်မြို့နယ် ဓမ္မသုခကျောင်းလမ်းနှင့် သီရိမြိုင်လမ်းဆုံ၌ ရေနုတ်မြောင်းများဆယ်ယူခြင်း၊ စက်ယန္တရားဖြင့်တိုးချဲ့တူးဖော်ခြင်းနှင့်အမှိုက်များ ရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၅) လမ်းမကြီးဘေး နဝဒေးအိမ်ရာရှေ့ ရေမြောင်းမကြီး ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်နှင့်နုန်းများ ဆယ်ယူခြင်း၊ ဗေဒါနှင့် ကိုင်းပင်များ ခုတ်ထွင် ရှင်းလင်း ဆယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ရွှေပြည်သာမြို့နယ် ရွှေဘုန်းရှိန်လမ်း မြို့ဦးစေတီအနီး တာမွေချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်၊နုန်းနှင့်ကိုင်းပင်များရှင်းလင်းဆယ်ယူခြင်း၊ ရွှေဘုန်းရှိန်လမ်းဘေး ဝဲ/ယာ၌ အမှိုက်နှင့်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း အခြေအနေများကို လည်းကောင်း၊ ရန်ကုန် အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းနှင့် သံသုမာလမ်းဆုံ၌ အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းမကြီး၌ ရေနုတ်မြောင်းဆယ်ယူနေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာခရိုင်၊မြို့နယ်နှင့် ရပ်ကွက်များအလိုက် အမှိုက်နှင့်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရပ်ကွက်များနှင့်လမ်းများ၌ ရေမအိုင်စေရေး ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က မြို့တော်နေပြည်သူများကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်၌ နေထိုင်နိုင်ရေးအတွက် အမှိုက်ပုံများ၊ ရေမြောင်း၊ရေအိုင်များကြောင့် ကူးစက်ရောဂါပိုးမွှားများသယ်ဆောင်သည့် ခြင်နှင့် ယင်များပေါက်ဖွားခြင်း မရှိရေး၊ အနံ့ အသက်ဆိုးများ ကင်းဝေးစေရေးတို့အတွက် အမှိုက်များစနစ်တကျ စွန့်ပစ်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ၊ မြစ်ထွက်ပေါက်များနှင့် ချောင်းများအစဉ် ရေစီးရေလာကောင်းမွန်စေရေးတို့ကို ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူအဆင့်ဆင့်တို့က အလေးထားဆောင်ရွက်ကြရန်မှာကြားသည်။

ဆောင်ရွက်

ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်နှင့်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းနှင့် တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများကိုယနေ့နံနက်ပိုင်းတွင်ခရိုင်၊မြို့နယ်နှင့်ရပ်ကွက်အားလုံးတို့၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၅)ရပ်ကွက် ပို့ပို့မင်္ဂလာခန်းမတွင် မြန်မာနိုင်ငံသူနာပြုအသင်း(ဗဟို)၏ ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ်၆ရက် နံနက်၉နာရီက ကျင်းပရာ မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါ်အီးဘာဘရီ အမှာစကား ပြောကြားစဉ်။

(ပြန်/ဆက်)

ရန်ကုန်တိုင်းတရားသူကြီး ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၇

တရားရုံးချုပ်(ရန်ကုန်)တွင် ဇူလိုင် ၂၆ရက်၊၂၇ရက်နှင့် ၂၈ရက်တို့၌ ကျင်းပခဲ့သော တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်းတရားသူကြီးများ၏ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံရှင်းလင်းပွဲကို ရန်ကုန်တိုင်း တရားသူကြီး ဦးအောင်ငွေက တိုင်းအတွင်းရှိ တိုင်း၊ခရိုင်၊မြို့နယ် တရားရုံးများမှ တရားသူကြီးများအား ယနေ့နံနက် ၉နာရီတွင် ဗဟန်း ကြားတောရလမ်းရှိ တရားရုံးချုပ်ခမ္မာရုံ၌ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းတရားသူကြီးက နိုင်ငံတော်ဝန်ကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာ ဩဝါဒ အမှာစကားများကို လည်းကောင်း၊ တရားသူကြီးချုပ်နှင့် ဒုတိယတရားသူကြီးချုပ်များ၏ လုပ်ငန်းမှာကြားချက်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၏ လုပ်ငန်း မှာကြားချက်များကိုလည်းကောင်း အသေးစိတ်ထပ်ဆင့်ရှင်းလင်းပြောကြားသည်။ (သတင်းစဉ်)

ချစ်ကြည်ရေးခြေစမ်းပွဲ တတိယပွဲစဉ်

အဖွဲ့ချုပ်လက်ရွေးစင်နှင့်မိုဟမ်ဘာဂမ် တစ်ဂိုးစီသရေပွဲဖြစ်

သတင်းဆောင်းပါး - ညီညီစိုးညွန့်၊ ဓာတ်ပုံ - စိုးညွန့် (ကြေးမုံ)

ရန်ကုန် ဩဂုတ် ၇

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်အရ L.G ဖလားပြိုင်ပွဲဝင်မည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် အိန္ဒိယနိုင်ငံ အနောက် ဘင်္ဂေါပြည်နယ်မှ Mohun Bagan XI အသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲကို ယနေ့ညနေ ၄နာရီက လှူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းတွင် ကျင်းပရာ တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

အဖွဲ့ချုပ်လက်ရွေးစင်အသင်း တစ်ဂိုး။
(မောင်မောင်အောင်)
Mohun Bagan XIအသင်း တစ်ဂိုး။
(နံပါတ် ၁၇ Bimal Mondal)
ဒိုင်လူကြီး ဦးဝင်းဦး။

L.Gဖလားပြိုင်ပွဲအတွက် အဖွဲ့ချုပ်လက်ရွေးစင်အသင်း အပြီးသတ်လူရွေးချယ်ရန် ပထမပွဲ၌ မကစားရသေးသူများကို စမ်းသပ်ပွဲထုတ်ခဲ့သဖြင့် ထင်သလောက် ခြေစွမ်းမပြနိုင်၍ သရေပွဲ ဖြစ်သွားရသည်။

အဖွဲ့ချုပ် လက်ရွေးစင်အသင်းသည် ပထမပိုင်းမိနစ် ၂၀ အထိ အချိတ်အဆက်မိမိ ကစားနိုင်ပြီး တွဲလုံးများဖြင့် ထိုးစစ်ဆင်နိုင်ခဲ့သော်လည်း နောက်ပိုင်း အချိတ်အဆက်များ လွဲချော်နေခဲ့သည်။

လူသစ်များပွဲထုတ်

အဖွဲ့ချုပ် လက်ရွေးစင်အသင်းသည် ပထမပွဲ၌ ပွဲအစတွင် ကစားခဲ့သော ၁၁ ယောက်စလုံးကို ပွဲမထုတ်ဘဲ လူသစ်များဖြင့် ပွဲထုတ်လာပြီး ၄-၄-၁-၁ ကစားကွက်ဖြင့် ကစားခဲ့သည်။

Mohun Bagan အသင်းသည် အဖွဲ့ချုပ် လူငယ်လက်ရွေးစင် အသင်းနှင့် ကစားသော ၁၁ ယောက်ထဲမှ ကိုးယောက်ပြန်လည် ပါဝင်ကစားခဲ့သည်။

ပွဲအစပိုင်းတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက တစ်ချက်ထိ၊ နှစ်ချက်ထိများဖြင့် လျင်လျင်မြန်မြန် တိုက်စစ်ဆင်ကစားရာ အိန္ဒိယအသင်း တိုက်စစ်မဆင်နိုင်သေးဘဲ ခံစစ်အသွင် ကစားနေရသည်။

၁၅မိနစ် နောက်ပိုင်းတွင် အိန္ဒိယအသင်း ကစားကွက်ပြန်မိလာပြီး တိုက်စစ်ကို ဖွင့်ကစားလာနိုင်သည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်းကလည်း တစ်သင်းလုံးတက်၊ တစ်သင်းလုံးဆင်း ကစားနေ၍ အိန္ဒိယအသင်း တိုက်စစ်ရောခံစစ်ပါ ပေါ့ပေါ့ဆဆမကစားရဲဘဲ သတိထားကစားခဲ့ရသည်။ ၃၂မိနစ်တွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်း ဂိုးစတင်ရရှိသွားသည်။ ညာကြောမှ ဟန်ဝင်းအောင် ဂိုးရှေ့ဖြတ်ပို့သော ဘောလုံးအိန္ဒိယအသင်းနောက်ခံလူနှင့် ထိထွက်လာစဉ် ကွင်းလယ်ကစားသမား မောင်မောင်အောင်က ပြေးပိတ်လိုက်၍ ဂိုးရရှိသွားခြင်းဖြစ်သည်။ ယခုပွဲသည် မောင်မောင်အောင်၏ ပထမဆုံး နိုင်ငံတကာပွဲဖြစ်ပြီး ပထမဆုံးနိုင်ငံတကာဂိုးလည်းဖြစ်သည်။ အဖွဲ့ချုပ် လက်ရွေးစင်အသင်း၏ ဦးဆောင်မှုသည် ကြာကြာမခံလိုက်ပေ၊ သုံးမိနစ်အကြာတွင် အိန္ဒိယအသင်းက ချေပဂိုးပြန်လည်သွင်းယူသွားသည်။

ဂိုးထပ်မရ

အဖွဲ့ချုပ်လက်ရွေးစင် နောက်ခံလူ အောင်ကျော်မိုး(၂)နှင့် ဂိုးသမား ကျော်မင်းလှိုင်တို့ နားလည်မှုလွဲ၍ အန်ထွက်လာသော ဘောလုံးကို နံပါတ်-၁၇ Bimal Mondol က ဂိုးသမားမရှိသော ဂိုးပေါက်ထဲသို့ ကန်သွင်းသွားခြင်းဖြစ်သည်။ တစ်ဂိုးစီသရေဖြစ်ပြီးနောက်ပိုင်းတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်း ဂိုးထပ်မံရရှိရေး အားထည့်ကစားသော်လည်း ဂိုးထပ်မံမရရှိဘဲ ပထမပိုင်းကတည်းက တစ်ဂိုးစီသရေဖြစ်နေသည်။

ဒုတိယပိုင်းအစတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက ဂိုးသမား ကျော်မင်းလှိုင်အစား ထွန်းထွန်းလင်းဝင်ဖမ်းသည်။ ဒုတိယပိုင်း အချိန်တော်တော်များများ အဖွဲ့ချုပ်လက်ရွေးစင်အသင်းကသာ ဖိကစားသွားနိုင်ပြီး အိန္ဒိယအသင်းမှာ ရံဖန်ရံခါသာ ထိုးဖောက်ကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ အိန္ဒိယအသင်းကလည်း ဂိုးမပေးရရေးအတွက် ခံစစ်ကို ရှစ်ယောက်၊ ကိုးယောက်အထိ ဆင်းခံခဲ့ကြပြီး အဖွဲ့ချုပ် လက်ရွေးစင်တိုက်စစ်ကို ဟန့်တားခဲ့ကြသည်။

ဒုတိယပိုင်း၁၀မိနစ်ကျော်ကျော်တွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်း ဂိုးရနိုင်သည့်အခွင့်အရေး နှစ်ကြိမ်ရရှိခဲ့သည်။ ၁၀မိနစ်တွင်မျိုးမင်းထွန်းကန်တင်သော ညာထောင့်ကန်ဘောကို တိုက်စစ်မှူး နိုင်ဝင်းကဖမ်းပြီး အနီးကပ်ကန်သွင်းရာ အပေါ်ထောင့်ထွက်သွားသလို နှစ်မိနစ်အကြာတွင် ပိုင်နယ်တီစည်းအတွင်းမှ ထွန်းမင်းနိုင်၏ ကန်သွင်းချက်မှာလည်း ဂိုးပေါက်မတည့်ခဲ့ပြန်၍ အဖွဲ့ချုပ်လက်ရွေးစင်အသင်း ဒုတိယဂိုးနှင့် ဝေးခဲ့ရသည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှာ ၁၇မိနစ်၌ ထွန်းမင်းနိုင်အစား ဇော်ဇော်၊ မိနစ် ၂၀ ၌ ဟန်ဝင်းအောင်အစား အောင်ဇော်မျိုး၊ ၂၇မိနစ်၌ ကျော်ဇင်ဝင်းအစား ဇော်ထိုက်တို့ကို လဲကစားပြီး တိုက်စစ်အား မြှင့်တင်လာခဲ့သည်။

တရစပ်တိုက်စစ်ဆင်

အဖွဲ့ချုပ်လက်ရွေးစင်အသင်းဒုတိယဂိုးရရှိရေး တိုက်စစ်ဆင်ကစားခဲ့သော်လည်း အလယ်တန်းနှင့်ရှေ့တန်းအတွဲမမိခြင်း၊ ဂိုးရရှိအောင်စွမ်းဆောင်ရာ၌ အားနည်းခြင်း၊ တစ်ဖက်နောက်ခံလူများ မလွတ်တမ်း ထိန်းကပ်ခံနေရခြင်းကြောင့် ဒုတိယဂိုးနှင့်ဝေးခဲ့ရသည်။ ပွဲပြီးခါနီးတွင် Mohun Bagan အသင်းက မထင်မှတ်ဘဲ တရစပ်တိုက်စစ်ဆင် ကစားလာရာ မြန်မာပရိသတ်တို့ရင်တမမဖြင့် ကြည့်ရှုခဲ့ရသည်။ လေလွင့်ချိန်များအတွက် ထပ်ဆောင်းဖြည့်ဆည်းပေးချိန်တွင် နံပါတ် ၁၇ Mondal က ထွန်းထွန်းလင်းကို ကျော်ဖြတ်ကန်သွင်းရာ ဂိုးထဲဝင်ခါနီးမှ နောက်ခံလူများစုပြုံ ဖျက်ထုတ်ခဲ့ရပြီး ထိုအန်ထွက်လာသော ဘောလုံးကို ဘရာဇီးနိုင်ငံသား နံပါတ် ၂၈ Chakon ကန်မသွင်းနိုင်မီနောက်ခံလူများ အချိန်မီတားဆီးနိုင်ခဲ့၍သာ အဖွဲ့ချုပ် လက်ရွေးစင်အသင်းဂိုး ထပ်မပေးရခြင်းဖြစ်ပြီး ပွဲအပြီး၌ တစ်ဂိုးစီသရေကျသွားခဲ့ခြင်းဖြစ်သည်။

Mohun Bagan အသင်းသည် အဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့်နှစ်ပွဲ၊ လူငယ်လက်ရွေးစင်နှင့်တစ်ပွဲစုစုပေါင်း ချစ်ကြည်ရေးခြေစမ်းပွဲ သုံးပွဲ ကစားခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ပြည်တော်ပြန်မျက်နှာပန်းလှသွားသည်။

ပါဝင်ကစား

အဖွဲ့ချုပ်လက်ရွေးစင်အသင်းတွင် ဂိုး-ကျော်မင်းလှိုင် (ထွန်းထွန်းလင်း)၊ နောက်တန်း-ဟန်ဝင်းအောင်(အောင်ဇော်မျိုး)၊ကျော်နိုင်ဝင်း၊အောင်ကျော်မိုး-၂၊ စိုးလင်းထွန်း၊ အလယ်တန်း-မောင်မောင်အောင်၊ မျိုးမင်းထွန်း၊ ဘိုဘိုအောင်၊ ကျော်ဇင်ဝင်း (ဇော်ထိုက်)၊ ရှေ့တန်း-ထွန်းမင်းနိုင်(ဇော်ဇော်)နှင့် နိုင်ဝင်းတို့ ပါဝင်ကစားခဲ့ကြသည်။ ပွဲအပြီးတွင် ကြေးမုံက ယနေ့ပွဲအခြေအနေနှင့် ပတ်သက်၍ အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှ အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်နှင့် နည်းပြချုပ် ဦးတင်ဟန်တို့အားတွေ့ဆုံ မေးမြန်းခဲ့သည်။

ဆက်လက်ပြင်ဆင်မည်

ရှေးဦးစွာ အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်က "ယနေ့ပွဲတွင် အပြီးသတ်လူရွေးချယ်ရန်အတွက် ပထမပွဲမကစားရသူများကို ဦးစားပေးပွဲထုတ်ခဲ့ကြောင်း၊ မိမိတို့ပထမပိုင်း မိနစ် ၂၀အထိ ကစားပုံကောင်းကြောင်း၊မမျှော်လင့်ဘဲဂိုးပြန်ပေးလိုက်ရ၍ အသင်းကစားပုံအနည်းငယ်ပျက်သွားကြောင်း၊ ဒုတိယပိုင်းတွင် အသင်းကစားပုံမဆိုးသော်လည်း ဂိုးမရခဲ့ကြောင်း၊ မိမိတို့အသင်း ဂိုးသွင်းခွင့်သိပ်မရခဲ့သလို ရသည့်အခွင့်အရေးကိုလည်းအသုံးမချနိုင်ခဲ့ကြောင်း၊ တစ်ဖက်အသင်းကစားပုံ ကောင်းပါကြောင်း၊ သူတို့လည်း ဂိုးသွင်းခွင့် သိပ်မရခဲ့ကြောင်း၊ မိမိတို့အသင်းအနေဖြင့် ပြိုင်ပွဲအတွက် ဆက်လက်ပြင်ဆင်သွားမှာဖြစ်ကြောင်း" ပြောကြားသွားသည်။

နည်းပြချုပ် ဦးတင်ဟန်က "မိမိတို့အသင်းတစ်ဖက် အသင်းထက် ကစားကွက်သာပါကြောင်း၊ယခုပွဲတွင်အသင်းအရန်အင်အားလိုချင်၍ မကစားရသူများကို ဦးစားပေး ပွဲထုတ်ခဲ့ကြောင်း၊ ယခုပွဲအပြီးတွင် အစည်းအဝေးလုပ်ကာ အပြီးသတ်ကစားသမား ရွေးချယ်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် အကောင်းဆုံးဖြစ်အောင် ဆက်လက်လေ့ကျင့်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

အတွေ့အကြုံများရ

အဖွဲ့ချုပ် လက်ရွေးစင်အသင်းသည် Mohun Bagan အသင်းနှင့် ပြိုင်ပွဲအကြိုခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ရာ အသင်း၏ အားနည်း၊ အားသာချက်များကို သိခွင့်ရ၍ ပြိုင်ပွဲတွင် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားနိုင်မည်ဖြစ်ပြီး နိုင်ငံတကာပွဲ အတွေ့အကြုံနုနယ်သေးသူ လူငယ်အများစုဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့ချုပ်လူငယ်လက်ရွေးစင် အသင်းသည်လည်း ခြေစမ်းပွဲတစ်ပွဲကစားခဲ့ရ၍ ကစားသမားများ အတွေ့အကြုံသစ်များရရှိခဲ့ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

(ကြေးမုံ)

ယခုပွဲတွင်အပြီးသတ် ကစားသမားများကို ရွေးချယ်သွားမည်ဟု နည်းပြချုပ် ဦးတင်ဟန်က ကြေးမုံသို့ ပြောကြားစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဒုတိယအကြိမ် အာဆီယံပို့ဆောင်ရေးကျွမ်းကျင်သူအရာရှိများ၏အစည်းအဝေး

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် တက်ရောက်

ရန်ကုန် ဩဂုတ် ၇

၂၀၀၄ခုနှစ် ဩဂုတ် ၃ရက်မှ ၄ရက်အထိ ဘရူနိုင်းဒါရုဆလင်နိုင်ငံ ဘင်ဒါဆာရီဘတ်ဂါဝမ်မြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ် အာဆီယံအဆင့်မြင့် ပို့ဆောင်ရေး ကျွမ်းကျင်သူအရာရှိကြီးများအဖွဲ့၏ အစည်းအဝေး(2nd STOM Expert Task Group Meeting) သို့ မြန်မာနိုင်ငံ STOM အဖွဲ့ခေါင်းဆောင်ဖြစ်သူ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့်အတူ STOM အဖွဲ့ဝင်များဖြစ်သော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်တို့ တက်ရောက်ခဲ့ကြသည်။

တာဝန်ယူဆောင်ရွက်

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံ STOMအဖွဲ့ခေါင်းဆောင်ဖြစ်သူ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က အစည်းအဝေးသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် ၂၀၀၅ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ အာဆီယံပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု (၆)နှစ် စီမံကိန်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းရေးဆွဲ ခဲ့ကြသည်။

အဆိုပါ ရေးဆွဲခဲ့သော အာဆီယံ ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု (၆)နှစ်စီမံကိန်းကို ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၌ လည်းကောင်း၊ လာအိုနိုင်ငံ ဗီယင်ရှင်းမြို့၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် အာဆီယံ ထိပ်သီးအစည်းအဝေး၌ လည်းကောင်း အတည်ပြု လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

ဒုတိယဝန်ကြီးဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူရှင်များဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အကြိမ်(၂၀) မြောက် ငွေပဒေသာပင် အလှူရှင်များစုပေါင်းရေစက်ချပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမအပေါ်ထပ်(ဓမ္မာရုံ)၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘဏထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်က အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား သင်္ကန်းစသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘဏထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဘုရား ကန်တော့၍ ရုပ်သိမ်းသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရုံးသစ်၌ လိုအပ်သော အသင်းအသုံး အဆောင်ပစ္စည်း များ လှူဒါန်းခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဩဂုတ် ၁ ရက်က ကျင်းပရာမြို့နယ်အသင်း ဥက္ကဋ္ဌ ဒေါ်ရွှေကူနန်းနွဲ့နွဲ့ (စာပေဗိမာန် စာမူဆုရှင်)က ဘုရားကျောင်းဆောင်၊ ကြေးဆင်းတု ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် ကျွန်းဗီရိုတစ်လုံး တန်ဖိုး ကျပ်တစ်သိန်းလေးသောင်း လှူဒါန်းသော အလှူရှင် ဒေါ်မြမြအုံး (ဗဟိုတရားရုံးချုပ်ရှေ့နေ) အား ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၅၀၆)

အရည်အသွေးကောင်း ဂုန်လျှော်/ ချဉ်ပေါင်လျှော် ထွက်ရှိရေး နှိုးဆော်ချက်

ယခုအခါ ဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်ပြီး မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော်များ စတင်ခုတ်သိမ်းနေပြီဖြစ်၍ အရည်အသွေးကောင်းနှင့် အထွက်နှုန်းကောင်းလျှော်များ ရရှိစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-

၁။ အရည်အသွေးကောင်းပြီး အထွက်နှုန်းမြင့်မားစေရန် သီးကင်းဝင်စချိန်တွင် ခုတ်သိမ်းပြီး လျှော်ပင်များကို အရွက်ကြွေစေရန် ကွင်းထဲတွင် အရိုးပေါ်အရွက်ဖုံးထပ်၍ ၃-၄ရက် အုပ်ထားပါ။

၂။ လျှော်စိမ်ရာတွင် ရေအနက် အနည်းဆုံးလေးပေရှိပြီး ဖြည်းညင်းစွာ စီးဆင်းနေသောရေတွင် တစ်လွှာချင်းဖောင်ဖွဲ့၍ ရေစိမ်ပါ။ လျှော်ဖောင်အောက်ဆုံးအလွှာကို မြေနှင့်မထိအောင်နှင့် အပေါ်ဆုံးအလွှာကို ရေတွင် ပေါ်မနေစေရန် ဂရုပြုပြီး လျှော်အမျိုးအစားကောင်းရန် ရေကြည်ရေသန့်တွင် ရေစိမ်ပါ။

၃။ လျှော်ဖောင်ဖိရာတွင် စွန်းထင်းပျက်စီးစေနိုင်သည့် အစေးထွက်သော တုံးများမသုံးစွဲဘဲ သစ်သားတုံး၊ ဝါးစသည်တို့ဖြင့် ဖိထားပါ။

၄။ ရေစိမ်ရက် မလိုစေရန်နှင့် မလွန်စေရန် ဂရုပြုပါ။ ရေစိမ်ပြီး ရက်သတ္တ (၁)ပတ်ကြာမှစ၍ နေ့စဉ် လျှော်ဖောင်အား နူး/မနူးစမ်းသပ်၍ လျှော်နူးပါက ချက်ချင်းခွာယူပါ။

၅။ ခွာယူပြီးလျှော်များကို လေသလပ်မခံဘဲ အခွံအခေါက်နှင့် အမှိုက်သရိုက်များ ကင်းစင်အောင် ရေကြည်တွင် ဆေးကြော၍ တန်းတင်အခြောက်လှန်းပါ။

၆။ ကောင်းစွာခြောက်သွေ့သော လျှော်များကို အတန်းအစားခွဲ စည်းထုံး၍ နီးစပ်ရာ အဝယ်စခန်းများတွင် ရောင်းချပါ။

၇။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ဒဂုံမြို့နယ်အတွင်း သန့်ရှင်းလုပရေးဆောင်ရွက်မှု ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်း သန့်ရှင်းသာယာ လှပရေး၊ ရေစီးရေလာ ကောင်းမွန်ရေးနှင့် ကျန်းမာရေးညီညွတ်စေရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယ မြို့တော်ဝန်သည် ဒဂုံမြို့နယ် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ မြို့မကျောင်းလမ်းနှင့်ပြည်ထောင်စုရိပ်သာလမ်း လမ်းဆုံအနီး မြို့မကျောင်း လမ်းဘေး ဝဲ/ယာ ချုံနွယ်၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများအတွင်း ပိုးသတ်ဆေး ဖျန်းခြင်း ဆောင်ရွက်နေမှုနှင့် ယောမင်းကြီးလမ်းနှင့် ဗိုလ်ရာညွန့်လမ်း လမ်းဆုံနှင့် ယောမင်းကြီးလမ်း လမ်းတစ်လျှောက် လမ်းဘေးဝဲယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယ မြို့တော်ဝန်သည် ဒဂုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင်၊မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံ၍ ဒဂုံမြို့နယ် သန့်ရှင်းသာယာလှပစေရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးသည်။

ရန်ကုန်မြို့တော် သန့်ရှင်းသာယာ လှပစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် ခရိုင်၊မြို့နယ်များအလိုက် သန့်ရှင်းရေးလုပ်ငန်းများကို အလားတူ ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

အရိုးနှင့် ထိခိုက်ဒဏ်ရာ မွမ်းမံသင်တန်းဖွင့် ထိခိုက်ဒဏ်ရာဘာသာရပ်ဆိုင်ရာများဟောပြော

ရန်ကုန် ဩဂုတ် ၇

မြန်မာနိုင်ငံ ဆရာဝန် အသင်း အရိုးရောဂါကုအဖွဲ့က ကြီးမှူး၍ Bone and Joint Decade လှုပ်ရှားမှုတစ်ရပ်အဖြစ် အထွေထွေရောဂါကုဆရာဝန်များအတွက် (၁၃)ကြိမ်မြောက် အရိုးနှင့် ထိခိုက်ဒဏ်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန် အသင်းတိုက် ခန်းမဆောင် (အေ)၌ ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမျိုးမြင့်၊ အရိုးရောဂါကုအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်၊ တပ်မတော် အရိုးရောဂါကု ဆေးရုံကြီး တပ်မှူး ဒုတိယ ဗိုလ်မှူးကြီးထွန်းထွန်း၊ အထွေထွေရောဂါကု ဆရာဝန်များ၊ ဘွဲ့လွန်နှင့် ဘွဲ့ကြို သင်တန်းသားဆရာဝန်များ၊အရိုးရောဂါကု ဆရာဝန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဦးမျိုးမြင့်က အမှာစကား ပြောကြားပြီး အရိုးရောဂါကုအဖွဲ့ ဥက္ကဋ္ဌပါမောက္ခ ဦးကျော်မြင့်နိုင်က နှုတ်ခွန်းဆက်စကား ပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မွေးနေ့ဆုမွန်လွှာ
မထက်သဒ္ဒါအောင်
G-IIB, T.T.C

အချစ်ဆုံးသမီးလေး၏ ဩဂုတ်လ(၈)ရက် ၂၀၀၄ နေ့မှာကျရောက်တဲ့ မွေးနေ့ရက်မြတ် မင်္ဂလာမှသည် နှစ်ပေါင်းများစွာ ဖေဖေ၊မေမေတို့နှင့်အတူ ပျော်ရွှင်သော မွေးနေ့ပေါင်းများစွာ ပိုင်ဆိုင်နိုင်ပါစေ။

ဖေဖေ – ဦးနေလင်း
မေမေ – ဒေါ်စန္ဒာလှိုင်။

မွေးနေ့ ဆုတောင်း

၄-၈-၂၀၀၄ နေ့တွင် ကျရောက်ခဲ့သော တစ်ဦးတည်းသော ချစ်သားထွေး ဖေယျာလင်း၏ (၁၇)နှစ်မြောက် မွေးနေ့မှသည် နှစ်(၁၀၀)တိုင် ကျန်းမာချမ်းသာစွာဖြင့် ထူးချွန်ထက်မြက်သော သားကောင်းတစ်ယောက် ဖြစ်ပါစေ။

ချစ်ဖေဖေ–ဦးသောင်းကြွယ်၊ ချစ်မေမေ–ဒေါ်ခိုင်ခိုင်ကြည်။
မမကြီး–မြတ်သူဇာ B.Com IDCS (NCC,U.K), CAT (ACCA,U.K)
မမလေး–ချစ်စုလင်း B.Com IDCS (NCC,U.K), CAT (ACCA,U.K)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃ခ/၂၀၂၃ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်ယနေ့မှစ၍(၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး (ပြည်)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး (ပြည်)။**

အမည်ပြောင်းခြင်း

အ-ထ-က၊ အေးသာယာ၊ နဝမတန်း(င)မှ အဖ ဦးအုံးမောင်၏သား မောင်ခွန်ဇော်မျိုးထွေးအား မောင်ခွန်မျိုးသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ခွန်မျိုးသန့်။

728088 ...

PRINCESS

☎ 535195

Y.E.S.

Basic Spoken English : AUG - 9,16,21,23,30
Pre-Intermediate English : AUG-16,21,23
Basic Writing, Intermediate English: AUG - 21
Grammar Foundation Course : AUG - 23
Vocabulary Enrichment Course : AUG - 30
SAT (I), TOEFL, IELTS, SAT (II) : AUG - 3,23,28
No.118, Y.M.C.A Building, Bogalayzay St, Botataung Tsp. 245821
No.198, 2nd Flr., 28th St. (Upper), Pabedan Tsp. ☎ 243950

ကန္တရီ ®

(တန်ဖိုးသင့်သစ်စတင်လက်ခံနေပြီ)
NIKKO INSTITUTE OF BEAUTIFICATION

- Hair Line , Skin Care, Hair-do's & Make-up, Eyebrow Tattoo, Nailery, Hair Extension ...
- European ... International ...
- (Special course) ...
- Experience ... Nikko Nu Nu ...

Nikko Institute of Beautification
No.160, 3rd Floor, M.G.M Hotel, Wardan Street, Lanmadaw Tsp., Yangon.
Ph: (95-1) 221342, 210032. E-mail:nnn@mptmail.net.mm
No.471, Pyay Road, Kamayut Tsp., Yangon. Ph: (95-1) 524978.

ဂရိလည်း ချန်ပီယံ သင်လည်း ချန်ပီယံ
ရင်ခုန်စေတဲ့ ချန်ပီယံ

IBTC

Tel : 95-1-662512, 244795, 651741 Fax : 95-1-663675
E-mail: ibtcygn@mptmail.net.mm http://www.royalwhisky.com

Tel : 02 - 66630, 02 - 39380

အမှတ်(၁၅)၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက် အလုံမြို့နယ်နေ ဦးတင်အေး–ဒေါ်ခင်ထွေးရီ၊ သမီး မသီတာအေး၊ မနှင်းဦးဝေတို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ နဝကမ္မငွေပဒေသာပင် ကျပ်တစ်သိန်းကို ဇူလိုင် ၂၅ ရက်က လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်း လက်ခံယူစဉ်။ (က–ပ)

ရန်ကုန်မြို့ သုဝဏ္ဏစုပေါင်းအိမ်ရာ ပျဉ်းမမြိုင်လမ်း အမှတ်(၃၅/၁)နေ ကွယ်လွန်သူ ဒေါ်သန်းရီနှင့် (သမီး) ဒေါက်တာ တင်အေးမူအား ရည်စူး၍ ဦးသိန်းဟန်မိသားစုက သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ဇူလိုင် ၂၂ရက်က ပေးအပ် လှူဒါန်းစဉ်။ (က–ပ)

မြဝတီခရိုင် ရဲတပ်ဖွဲ့မိသားစု ဝါဆိုသင်္ကန်းကပ်လှူ

မြဝတီ ဇူလိုင် ၂၄

မြဝတီခရိုင် ရဲတပ်ဖွဲ့မိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို မြဝတီခရိုင် ရဲတပ်ဖွဲ့မှူးရုံးခန်းတွင် ဇူလိုင် ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြဝတီမြို့ ကြခတ္တောဇောဓိကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တဦးကောသလ္လ အမှူးပြုသော သံဃာတော် ငါးပါးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို လှူဒါန်းပြီး ဆရာတော်ထံမှ ငါးပါးသီလ ခံယူကြကြောင်းသိရသည်။ **(ယာပုံ)** **(က–ပ)**

ကျေးလက်ကျန်းမာရေးအဆောက်အအုံဖွင့်

ဝမ်းတွင်း ဇူလိုင် ၃၀

ဝမ်းတွင်းမြို့နယ် ညောင်အုပ်ဖီး ကျေးလက် ကျန်းမာရေးဌာန ခင်ကြီး ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီက အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပသည်။

ရေဦးစွာမြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်မြင့်နိုင်တို့က အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက်ခင်ကြီးကျေးလက် ကျန်းမာရေးဌာနခွဲဖြစ်မြောက်ရေးကော်မတီဝင် ဦးဉာဏ်ငွေက ဆေးခန်းဆိုင်ရာ အချက်အလက်များတင်ပြ၍ကျေးဇူးတင်စကားပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျော်ဇောသန်းနှင့်အဖွဲ့က ကြီးကြပ်တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာမြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များက လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ရေလွှဲမြောင်း ရေစီးရေလာကောင်းမွန်ရေး စက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်

ဝက်လက် ဇူလိုင် ၂၂

ရွှေဘိုခရိုင် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီ၏ စီမံဆောင်ရွက်မှုဖြင့် ဝက်လက်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီက ဥယျာဉ်မဆည် ရေလွှဲမြောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရွှေပန်းကုံးကျေးရွာအုပ်စု မိုးစပါးစိုက်ကွင်းများသို့ ရေပေးသွင်းသည့် မိုင်းနား –၄ တူးမြောင်းအတွင်း ရေစီးဆင်းနိုင်ရေးအတွက် ဇူလိုင် ၁၅ ရက်က ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားကြီးဖြင့် ဆည်မြောင်းဦးစီးအရာရှိ စိုင်း

ယင်းဥယျာဉ်မဆည်မှာ ဝက်လက်မြို့နယ် လှတောမြောင်းမတော်အနီး ရေဆိုးထုတ် ပြသာရိုးချောင်း၌ တည်ဆောက်ထားပြီး ရေလွှဲမြောင်းမှ မိုင်းနား–၄ တူးမြောင်းအတွင်း ရေပေးသွင်းနိုင်ကာ မိုးစပါးတိုးချဲ့ဧက ၁၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးနိုင်မည် ဖြစ်ကြောင်း သိရသည်။ **(၂၂၉)**

ရမ်းဗြဲ၌ သစ်ပင်စိုက်ပျိုး

ရမ်းဗြဲ ဩဂုတ် ၁

ရမ်းဗြဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်ကြီးကြပ်မှုဖြင့် သစ်ပင်စိုက်ပျိုး ခြင်းကို ဇူလိုင် ၂၇ရက်က ကုန်းဘောင်(၁) စံပြရွာ ကားလမ်းဝဲ/ယာတစ်လျှောက်နှင့် တောင်ကုန်းများပေါ်တွင် ကျွန်းပင်များနှင့် ပဲစင်းငုံများ စိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရပ်ကွက် အဖွဲ့ဝင်များမှ တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(၅၂၂)**

မြစ်သာမြစ်အတွင်း ငါးမျိုးစိုက်ထည့်

ကလေး ဇူလိုင် ၂၄

ကလေးတပ်နယ် ငါးမွေးမြူရေး လုပ်ငန်းနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ငါးသားပေါက်များ၊ ဖောက်လုပ်ပြီး ငါးမြစ်ချင်း၊ငါးမှုန် သိန်း ၄၀ ကို ကလေးတပ်နယ် စည်းရုံးရေးကော်မတီဝင်များ၊ ကလေးခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များက မြစ်သာမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို ဇူလိုင် ၂၄ရက် နံနက် ၈ နာရီတွင် ကလေးမြို့နယ် တောင်အူကျေးရွာ မြစ်သာမြစ်ဆိပ်ကမ်း၌ ကျင်းပကြောင်း သိရသည်။**(အပေါ်ပုံ)**

(ခရိုင်ပြန်/ဆက်)

မြို့နယ်သတင်းများ

ပြင်ဦးလွင်မြို့နယ် သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် လမ်းဘေးဝဲ/ယာချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းကို ဇူလိုင် ၂၄ ရက် နံနက်က နန်းမြိုင်လမ်းတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများနှင့် အဖွဲ့အစည်းများပါဝင်ဆောင်ရွက်ကြစဉ်။ (ခရိုင်ပြန်/ဆက်)

တိုင်းရင်းဆေးခန်း အဆောက်အအုံသစ်ဖွင့်

အရာတော် ဩဂုတ် ၃

စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ် အရာတော်မြို့ အမှတ်(၃) ရပ်ကွက်ရှိ တိုင်းရင်းဆေးပညာ ဦးစီးဌာန မြို့နယ်တိုင်းရင်းဆေးခန်းအဆောက်အအုံသစ် ဖွင့်ပွဲကို ဇူလိုင် ၂၈ ရက်က အဆိုပါ အဆောက်အအုံသစ်၌ ပြုလုပ်သည်။

တိုင်းရင်းဆေးခန်း အဆောက်အအုံသစ်မှာ ပေ ၄၀ x ပေ ၃၀ အုတ်ညှပ်နံကပ် တစ်ထပ်သွပ်မိုးဖြစ်ပြီး စုစုပေါင်းကျပ်သိန်း ၅၀ ကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(၂၁၆)**

ရေနုတ်မြောင်း စုပေါင်းတူးဖော်

ဟိုပင် ဩဂုတ် ၁

ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြဖေယျာရပ်ကွက် အောင်မင်္ဂလာလမ်းတစ်လျှောက်ရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် တိမ်ကောနေသည့် ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း၊ စွန့်ပစ်အမှိုက်များ ဆယ်ယူခြင်း ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်၊ တာဝန်ခံအင်ဂျင်နီယာနှင့်အဖွဲ့ဝန်ထမ်းများ၊ ပြည်သူလူထုများစုပေါင်း၍ ဇူလိုင် ၂၈ ရက်က ဆောင်ရွက်ကြသည်။

လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသာမြင့်နှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(က–ပ)**

ဈေးအတွင်းသန့်ရှင်း

ပုတာအို ဇူလိုင် ၂၅

ပုတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဇူလိုင် ၁၅ ရက်က ပုတာအိုမြို့ လေယာဉ်ကွင်းဈေးအတွင်း ခေတ္တအမှုဆောင်အရာရှိ ဒေါ်ခင်ခင်အေး ဦးဆောင်ပြီး အဖွဲ့ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများနှင့်အတူ ဈေးအတွင်း အပြင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါက်ခေါင်းမြို့ အိုးဘိုကုန်း အလယ်တန်းကျောင်းမှ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက်က ကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်အေးက ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ဝင်းကြည်သို့ နိုင်ငံသားစိစစ်ကတ်ပြားများ ပေးအပ်စဉ်။ (က–ပ)

လက်တွန်းထွန်စက်များရောင်းချ

မော်လမြိုင်ကျွန်း ဇူလိုင် ၁၈

မော်လမြိုင်ကျွန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်း၍ လယ်ယာ ၁၆ လက်တွန်းထွန်စက်များကို မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ရောင်းချထုတ်ပေးလျက်ရှိရာ ဇူလိုင် ၈ ရက်အထိ လယ်ယာ ၁၆ လက်တွန်းထွန်စက် ၁၁၂ စီး ထုတ်ပေးပြီဖြစ်သည်။

အဆိုပါ လယ်ယာ ၁၆ လက်တွန်းထွန်စက်များအား ကျေးရွာများသို့ ရောင်းချထုတ်ပေးရာတွင် မြို့နယ် စက်မှုလယ်ယာဦးစီးအရာရှိ ဦးတင်မောင်ထွန်းနှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးထွန်းလင်းတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ် (၅၃) ထွန်စက်စခန်းမှ စက်မှုကျွမ်းကျင်ဝန်ထမ်းများက စက်စွမ်းအားနှင့် ထိန်းသိမ်း ကိုင်တွယ်မောင်းနှင်နည်းများကို လက်တွေ့သရုပ်ပြ ရှင်းလင်းပြသကြသည်။ **(၃၆၄)**

ဇူလိုင်၁၆ ရက်က ပျော်ဘွယ်မြို့ အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးမြင့်က စတုတ္ထတန်း(က)မှ မအေးချမ်းမွန်အား ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ရေဦး ဇူလိုင် ၂၇

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ၁၂ အုပ်စုမှ ဥက္ကဋ္ဌများနှင့် တောင်သူလယ်သမားများအပါအဝင် အင်အား ၁၀၀၀ တို့သည် ဇူလိုင် ၁၆ ရက်က ရေဦးမြို့မှ မစိုးရိမ်ရွာနှင့် ဖန်ခါးဇင်ရွာများအထိ ကားလမ်းဘေးဝဲ–ယာရှိ လယ်ကြားမြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ သန့်ရှင်းပြုပြင်ခြင်းနှင့် ချုံနွယ်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(၃၉၀)**

တောင်ကုတ်မြို့နယ်အတွင်းရှိ ရွာမကျေးလက်လမ်း ခြောက်မိုင် လေးဖာလုံအား ရာသီမရွေးသွားလာနိုင်ရန် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ပျက်စီးနေသော လမ်းအပိုင်းများ ပြုပြင်ဆောင်ရွက်နေမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာ မှူးကြီး ဦးဝင်းမွန်နှင့် အမှုဆောင်အရာရှိဦးဇော်နိုင်လင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်/စည်ပင်)

ကျေးလက်လမ်း ခင်းကျင်းမှုနှင့် ပြင်ဆင်ထိန်းသိမ်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင်သည် ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးဌေးညွှန့်၊ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်းတို့နှင့်အတူ ဇူလိုင် ၂၇ရက် နံနက်ပိုင်းတွင် မကွေးတိုင်း မင်းလှမြို့နယ်သို့ ရောက်ရှိပြီး ပုသိမ်-မုံရွာ လမ်းမကြီးနှင့် လက်ပံတံခါးကျေးရွာ ဆက်သွယ်သည့် လမ်းခင်းကျင်းပြီးစီးမှုနှင့် မိုးရာသီအတွင်း သွားလာနိုင်ရန် ပြင်ဆင်ထိန်းသိမ်း ဆောင်ရွက်နေမှုများကို သွားရောက်စစ်ဆေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ လက်ပံတံခါးရွာသို့ သွားရောက်ပြီး အခြေခံပညာအလယ်တန်းကျောင်းတွင် ကျေးရွာလူကြီးများ၊ ရွာသူ၊ရွာသားများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးသည်။ ၎င်းနောက် မင်းဘူးမြို့သို့ ရောက်ရှိပြီး ပြည်သူ့ပန်းခြံ၊ ပျိုးဥယျာဉ်နှင့် မြို့တွင်းလမ်းများကို စစ်ဆေးသည်။

ဇူလိုင် ၂၈ရက်တွင် ရေနံချောင်းမြို့ ရေပေးရေးစက်ရုံနှင့် ပျိုးဥယျာဉ်ကို စစ်ဆေးပြီးနောက် သုံးဆယ့်ခြောက်ကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ပေးခဲ့သော ဦးစောသန်းဌေး၊ ဦးညွှန့်-ဒေါ်လှမြင့်တို့၏ ကျေးလက်အိမ်ရာသို့ လည်းကောင်း၊ ချောက်မြို့နယ် စမ်းစုကျေးရွာရှိ ဦးစိန်ရွှေ-ဒေါ်သန်းမြင့်တို့၏ နေအိမ်သို့လည်းကောင်း သွားရောက်ကြည့်ရှုသည်။

ဇူလိုင် ၂၉ရက် နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း အလှူရှင် ဦးလှမြင့်ဆွေ-ဒေါ်ဆွေဆွေရှိန်တို့၏ လှူဒါန်းငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်ပေးခဲ့သော စက်ရေတွင်းကို ကြည့်ရှုသည်။ ၎င်းနောက် တောင်တွင်းကြီးမြို့ ရေပေးရေးလုပ်ငန်းဆိုင်ရာ ရေစက်ရုံများကို ကြည့်ရှုစစ်ဆေးပြီးနောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးသည်။ (က-ပ)

လမ်းလယ်ကျွန်းများ လှပရေးနှင့် လမ်းဝဲ/ယာ သန့်ရှင်းရေးဆောင်ရွက်

မြစ်ကြီးနား ဇူလိုင် ၁၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဇူလိုင် ၁၀ရက်က ဆွမ်းပရာဘွမ်လမ်း လမ်းလယ်ကျွန်းပေါင်အမှတ်(၁၃၅မှ၁၄၀)အထိ မြက်ခင်းများ ပြုပြင်ရှင်းလင်းခြင်း၊ မြေရာရှုခင်းပြုပြင်ခြင်းနှင့် လမ်းဘေးဝဲ/ယာသန့်ရှင်းသာယာလှပရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)** (က-ပ)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း

ရော်ဘာပစ္စည်းထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာနမှ မိုင်းခံရော်ဘာကို အခြေခံ၍ ရော်ဘာပစ္စည်းများထုတ်လုပ်ခြင်း နည်းပညာသင်တန်းအမှတ်စဉ် (၁/၂၀၀၄)ကို ၆-၉-၂၀၀၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ ၃၀-၈-၂၀၀၄ရက် နောက်ဆုံးထား၍ လာရောက် စာရင်းပေးသွင်းနိုင်ပါသည်။

သင်တန်းကာလ - (၆-၉-၂၀၀၄)မှ (၂၄-၉-၂၀၀၄)အထိ

ပညာအရည်အချင်း - (၁)ဘွဲ့ရ

- (၂)လုပ်ငန်းအတွေ့အကြုံရှိက (၁၀)တန်းအောင်

သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

ရော်ဘာပစ္စည်းထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန
အမှတ်(၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ နဝဒေးရပ်ရှင်ရုံရှေ့
မရမ်းကုန်းမြို့နယ်။ ဖုန်း-၆၆၆၀၂၄၊ ၆၆၀၄၅၅။

[illegible] တိုင်းရင်းဆေးကုခန်း

လူငယ်မောင်မယ်အားလုံးသို့ အောင်မြင်ခြင်း တိုးတက်ခြင်းများကို နည်းလမ်းသိသိ စည်းကမ်း ရှိရှိဖြင့် အလွယ်တကူ ရစေမည့် အထောက်အကူ

ချစ်နိုင် (စိတ်ပညာ)

သေနင်္ဂဗျူဟာ	၆၀၀/-
လောကဓာတ်နဲ့ပေါ်မှာ	၇၀၀/-
ရဲရဲ ရင်ဆိုင် ဖြတ်သန်း	၇၀၀/-
သာလွန်လှပတဲ့ မနက်ဖြန်	၁၀၀၀/-

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(အင်းစိန်)ဒသင်းကုန်း
ဖုန်း-၆၄၀၇၃၉၊ ၆၄၀၄၄၂

တီအီး၊ ယာဉ်မောင်းနှင့်မှုသင်တန်းအမှတ်စဉ်(၈၈) ၂၇-၈-၂၀၀၄ရက်နေ့တွင်ဖွင့်မည်။

သင်တန်းသားဦးရေ ကန့်သတ်ထားသဖြင့် စိတ်ပါဝင်စားသူများ အထက်ပါကြော်ငြာ ထည့်သွင်းသည့်နေ့မှစ၍ သင်တန်းကြေးများ ပေးသွင်းနိုင်ပါသည်။

ဌာနဆိုင်ရာအဖွဲ့အစည်းများအတွက် သတ်မှတ်သင်တန်းသားဦးရေ ပြည့်မီပါက သီးခြားသင်တန်း စီစဉ်ပေးမည်။ နယ်သင်တန်းသားများအတွက် ဘော်ဒါရှိသည်။

သင်မောင်းလိုင်စင်နှင့် "ခ" လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။

သင်တန်းဆင်းလက်မှတ်အား အင်္ဂလိပ်ဘာသာဖြင့် ချီးမြှင့်ထုတ်ပေးသည်။

NATIONAL CD

ဖုန်း - 708225

ဖုန်း - 252604, 280334

Building 6, MICT Park

အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်မြောက်ပိုင်း(၄၁)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်းရှိ မဟာမြိုင်ဝန်ထမ်းအိမ်ရာမှ အောက်ဖော်ပြပါအခန်းအား တိုက်ခန်းပိုင်ရှင်မှ တိုက်ခန်းအရောင်းအဝယ်စာချုပ်မူရင်းပျောက်ဆုံး၍ အသစ်ပြန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကုမ္ပဏီမှ မူရင်းအား ပြန်ထုတ်ပေးမည်ဖြစ်ပါသည်။ သို့ပါ၍ သက်ဆိုင်သူများ ကန့်ကွက်လိုပါက (၁၅)ရက်အတွင်း ကုမ္ပဏီသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	အခန်းအမှတ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်အမှတ်
၁။	46-C5	ဒေါ်ဥမ္မာဆွေ	[၁၂/ဥကတ(နိုင်)၀၈၆၀၀၅]

တော်ဝင်မိသားစုကုမ္ပဏီ အမှတ်(၃၅၅)ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော တာမွေမြို့နယ်ရှိ တိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါအဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းအကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်း
၁။	ဒေါ်ခင်တိုး [၁၂/သဃက(နိုင်) ၀၁၀၈၀၃]	ဒေါ်ခင်မိမိလတ် [၁၁/ဂမန(နိုင်)၀၂၉၆၉၅]	တိုက်-အေ-၅ အခန်း-၁၊တတိယထပ်၊ဗညားဒလအိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ဒေါ်လှလှကျော့နှင့်အများသိစေရန်

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ မလှနှင်းကျော့[၁၂/ကမရ(နိုင်)၀၂၇၄၆၈]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

မလှနှင်းကျော့၏အစ်ကိုဖြစ်သူ ဦးလှမောင်ကျော်သည် ၂၅-၁၀-၂၀၀၃ နေ့က ကွယ်လွန်ခဲ့ရာ ၎င်းပိုင်မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကျန်ရစ်ခဲ့ရာ အစ်မဖြစ်သူ ဒေါ်လှလှကျော့မှ ရယူသိမ်းဆည်းထားခဲ့ပါသည်။ အဆိုပါ ပစ္စည်းများသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ညီမဖြစ်သူ မလှနှင်းကျော့သာလျှင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါသည်။

သို့ပါ၍ အောက်ဖော်ပြပါ ပစ္စည်းများအား ကျွန်ုပ်တို့၏အမှုသည်၏ သဘောတူညီချက် တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းရောင်းချပေးကမ်း၊ ပေါင်နှံခြင်း မပြုလုပ်ရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပစ္စည်းများစာရင်း

၁။ ကွန်ဒို(အေ)၊ ၁၂လွှာ၊ အခန်း ၇၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်ရှိ တိုက်ခန်း။

၂။ အမှတ်(၁၇)၊ ရှင်စောပုဘုရားလမ်း၊ လေးလွှာ(ဘီ)၊ စမ်းချောင်းမြို့နယ်ရှိ တိုက်ခန်း။

၃။ ယာဉ်အမှတ် ကက/၁၈၁၈ Nissan (Gloria) ယာဉ်တစ်စီး။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မောင်ကြီး-၁၉၁၇၊ ဦးဝင်းဆွေ-၃၃၀၈
တရားရုံးချုပ်ရှေ့နေများ။
၂၉၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်။

[illegible]

လျှောက်ထားနိုင်ပါရန် နှိုးဆော်အပ်ပါသည်

[illegible]

အများသိစေရန်ကြေညာချက်

[illegible]

စဉ်	အမည်	မှတ်ပုံတင်အမှတ်	[illegible]	မှတ်ချက်
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]

[illegible]

"ရွှေ" ပညာသင်တန်း

[illegible]

Marketing [illegible] Group [illegible]

[illegible]

မွေးနေ့မင်္ဂလာဆုမွန်

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ချစ်ဖေဖေ **ဦးထွန်းဦး** (ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၏ ၁၃၆၆ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ရက် (၈–၈–၂၀၀၄)နေ့တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်ဇနီး၊ ချစ်သားသမီးတို့နှင့်အတူ သာယာချမ်းမြေ့သောဘဝခရီး ဆက်လက်လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး: – ဒေါ်ခင်သီသီ
ချစ်သားသမီးများ – မောင်ဇော်လတ်–ဒေါက်တာနွယ်နီဦး
– မသဇင်ဦး
– မစံပယ်ဦး။

T.A.G ([illegible])

[illegible]

> Professional Software Developer Course

[illegible]

> Basic/Advanced Computer Course

[illegible] 661825

Shan Kan

နံနက် 11:00 နာရီမှ ညနေ 3:30 နာရီထိ Dim Sum နှင့်

နံနက် 11:00 နာရီ မှ ည 9:30 နာရီထိ [illegible]

[illegible]

ယမ်းချာ (Dim Sum) [illegible]

[illegible] ...

[illegible] ...

[illegible] ...

[illegible] ...

[illegible] ...

ကန်တော်မင်္ဂလာ[illegible]
([illegible])
☎ 240216, 244336

ရေချိုပုစွန်သားပေါက်

[illegible]

ဆက်သွယ်ရန် – [illegible]

[illegible]

အလိုရှိသည်

Super Market တွင် ရောင်းချရန်အတွက် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံနှင့် အသင့်စားသုံးရန် ထုတ်လုပ်ထားသော စားသောက်ကုန်ပစ္စည်းမျိုးစုံတို့၏ လုပ်ငန်းရှင်များ အမြန်လာရောက် ဆက်သွယ်ပါ။

ဆက်သွယ်ရန်– ၃၈၃၈၁၂၊ ၃၇၃၇၇၇။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

မကြာမီဖွင့်လှစ်တော့မည့် Sein Gay Har Super Center အတွက်

(1)Advertising, Promotion & Marketing Manager	**(1)Post**
(2)Security	**(5)Posts**
(3)Sale Staffs	**(80)Posts**
(4)သန့်ရှင်းရေးဝန်ထမ်း	**(7)Posts**
(5)နိုင်ငံခြားဆေးအရောင်းစာရေး	**(1)Post**

အလုပ်လျှောက်ထားလိုသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်၊ လုပ်ငန်းအတွေ့အကြုံ၊ ပညာအရည်အချင်းနှင့် အခြားတင်ပြလိုသော ထောက်ခံချက်များ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ တစ်လအတွင်းရိုက်ကူးထားသော ဓာတ်ပုံ(၂)ပုံတို့ကို ပူးတွဲပြီး ကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း အမှတ်(၄၄)၊ ပြည်လမ်းမကြီး၊ ဒဂုံမြို့နယ်(ယခင်စိန်ဂျန်းဈေးဟောင်းအနီးသို့) လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အပြန် Ferry Car စီစဉ်ထားသည်။ အဆောင်စီစဉ်ပေးမည်။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လှိုင်မြို့နယ်၊ လှိုင်ရတနာအိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

စဉ်	မူလပိုင်ရှင်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသည့်တိုက်နှင့်အခန်း
၁။	ဒေါ်မြမြ အိုင်အက်စ်အင်န်–၀၇၄၅၃၆	ဒေါ်သီတာအေး [၁၂/အစန(နိုင်)၀၇၅၈၀၅]	တိုက်–၆၊ အခန်း–၁၉ လှိုင်ရတနာအိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

မင်္ဂလာအညီစံပွဲကျေးဇူးတင်လွှာ

[illegible]

(Nilar Biryani, Simla Restaurant, Inwa Cold Drink & Confectionary)

(Nilar Star Paper Trading, Nilar Star International Limited)[illegible]

မောင်တင်မြင့်နီ

High School Graduate(D.S.Y)

Managing Director, Nilar Star Paper Trading, Nilar Star International Limited

နှင့်

[illegible]

မကေသွင်ခင်ထွန်း B.E(Civil), D.C.S, I.D.S, D.B.A

[illegible] Micasa Hotel [illegible] Sedona Hotel [illegible] Traders Hotel [illegible] Oldies [illegible] Aurora [illegible] Golden Arrows [illegible] Micasa Hotel, Sedona Hotel, Traders Hotel နှင့် [illegible]

[illegible]

မောင်တင်မြင့်နီ + မကေသွင်ခင်ထွန်း

EMPEROR

It's a Man's World

[illegible]

"The First Myanmar Men Magazine"

★ [illegible]

★ [illegible] Cover Story [illegible] EMPEROR [illegible]

★ [illegible] EMPEROR

NIBBAN ELECTRIC & ELECTRONICS

Show Room & Service Center

[illegible]

NIBBAN [illegible] Show Room & Service Center [illegible]

[illegible]

No.111, Bo Ywe Street, Latha Township, Yangon. Tel: 251792, 700470

[illegible]

[illegible]	[illegible]			[illegible]				[illegible]
	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

အမြန်ငှားရမ်းလိုသည်

ရန်ကုန်မြို့အနီးတစ်ဝိုက်မည်သည့်နေရာတွင်မဆို ကြက်ခြံနှင့်ငါးကန်များ အမြန်ငှားလိုသည်။ ငှားရန်ရှိပါက ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်နိုင်ပါသည်။

ဒေါ်ဥမ္မာ၊ ဖုန်း–၀၉၅၀၁၆၃၂၈။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အဘ ဦးစန်ရီ၏သား မောင်မျိုးထိုက်သည် မိဘတို့၏ ဆိုဆုံးမခြင်းကို နားမထောင်သောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

ဦးစန်ရီ–ဒေါ်စန်းစန်းနွယ်။

ခွေးရောင်းမည်

ကျန်းမာ၍ ချစ်ဖို့ကောင်းသော ရှီဇူး(၂)လသား သားပေါက်များ ရောင်းမည်။

၅/၂/၁၈၀၊ ရွှေလမ်း၊
(သံလမ်းမှတ်တိုင်အနီး)၊ ရွှေပြည်သာ။

မွေးနေ့ဆုမွန်

မသဥ္ဇာဝင်းခင် B.A (Business Management)

(ရွှေကောင်းရတနာဆိုင်) ၏ ၈-၈-၂၀၀၄တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှ နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ပျော်ရွှင်စွာ လိုအင်ဆန္ဒပြည့်ဝပါစေ။

ချစ်တဲ့ ဖေဖေ ဦးဝင်းခင်၊ မေမေ ဒေါ်မြင့်ကြည်
ကိုကြီး-ကျော်ရှိန်း၊ ကိုလေး-ဗိုလ်ကြီးမျိုးဇော်ဝင်း၊
ညီမငယ်လေး- ပပဝင်းခင်။

မွေးနေ့ဆုမွန်လွှာ(၈-၈-၂၀၀၄)

သဥ္ဇာဝင်းခင် (ရွှေကောင်းရတနာဆိုင်)(ဗိုလ်ချုပ်ဈေး)

အရာရာတိုင်းရဲ့ အကောင်းဆုံးကို အမြဲတမ်းရရှိပြီး ဆန္ဒမှန်သမျှပြီးပြည့်စုံ၍ ပျော်ရွှင်ချမ်းမြေ့မှုများစွာ၊ အောင်မြင်မှုများစွာကို နောင်နှစ်ပေါင်း (၁၂၀)တိုင် ပိုင်ဆိုင်နိုင်ပါစေ။ **သဥ္ဇာရဲ့ထာဝရ အချစ်ဆုံးသူငယ်ချင်း-မလတ်လတ်ဇင်။**

အမည်ပြောင်းခြင်း

အင်းမမြို့နေ ဦးခင်မောင်မြင့်၏ သမီးဖြစ်သူ ဒသမတန်းမှ မမေသင်းနု [၇/သကန(နိုင်)၀၉၃၉၀၇] အား မသီရိဇွန်ဟု ပြောင်းလဲခေါ်ပါရန်။ **မသီရိဇွန်။**

ဒေါ်မေလီ (မန္တလေး)

တရုတ်ဘာသာ (အိမ်သို့လိုက်သင်သည်)

အရေး၊ အဖတ်၊ အပြော (အခြေခံမှစ၍ သင်ပေးသည်)

ဖုန်း-၅၃၉၈၁၀။

အမည်ပြောင်း

ဦးစိုးအောင်၏သား အထက(၅) ဒသမတန်း ကျောင်းဝင်အမှတ် (၄၅၉/၉၇)ပြည်မြို့၊ မောင်သူဟန်ထွန်းအား မောင်ထင်မင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထင်မင်းခန့်။**

ဖခင်အမည်မှန်

အထက(၁)လသာ GRADE VI-A မှမောင်စည်သူ၏ဖခင်အမည်မှန်မှာ ဦးမာမက်ယူနွတ်(စ်) [၁၂/ပဘတ(နိုင်)၀၁၀၉၀၄] ဖြစ်ပါသည်။ **ဦးမာမက်ယူနွတ်(စ်)**

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
ရန်ကုန်တိုင်းတရားရုံး တရားမရုံး၌
၂၀၀၀ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၉

၁။ဒေါ်ခင်မျိုးမြင့် နှင့် ၁။ဦးခင်မောင်ဝင်း (၃)ဦးအောင်ကျော်ဝင်း
၂။ဒေါ်ခင်မျိုးတင့် ၂။ဒေါ်ခင်မျိုးဝင်း (၄)ဦးမြင့်မောင်ဝင်း
(ဒေါ်ခင်စိန်၏တရားဝင်ကိုယ်စားလှယ်များ)

တရားနိုင် တရားရှုံး

၁။ဦးခင်မောင်ဝင်း၊ ၂။ဒေါ်ခင်မျိုးဝင်း၊ ၃။ဦးအောင်ကျော်ဝင်း၊ ၄။ဦးမြင့်မောင်ဝင်း အမှတ်-တိုက်-၄၊ ပထမထပ်၊ အခန်း-၁၊ လှိုင်ဝန်ထမ်းအိမ်ရာ၊ ဆရာများရိပ်သာ၊ လှိုင်မြို့နယ် (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

အထက်အမည်ပါ တရားနိုင် ဒေါ်ခင်မျိုးမြင့်ပါ-၂က ဤရုံးသို့ အချင်းဖြစ်မြေအား မည်သည့်ဘက်ခြမ်းကို မည်သူကရရှိစေဟူသော အမိန့်တစ်ရပ်ချမှတ်ပေးရန်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၁၇ရက် (၁၃၆၆ခုနှစ်၊ ဝါခေါင်လဆန်း ၂ရက်)နေ့ မွန်းမတည့်မီ ၉:၃၀နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည် မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၃ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **စန္ဒာသွယ်**

တွဲဖက်တိုင်းတရားသူကြီး(၁၄)
ရန်ကုန်တိုင်းတရားရုံး။

ဝမ်းနည်းကြေကွဲခြင်း

Mrs. Olive Pun (ခ) ဒေါ်အုန်းလှိုင်
အသက်(၉၂)နှစ်
SPA/FMI Group of Companies ၏
Chairman Mr. Serge Pun (ခ) ဦးသိမ်းဝေ ၏
ချစ်လှစွာသော မိခင်ကြီး
Mrs. Olive Pun (ခ) ဒေါ်အုန်းလှိုင်
ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Forever Group Co.,Ltd. မိသားစု

ဝမ်းနည်းကြေကွဲခြင်း

Mrs. Olive Pun (ခ) ဒေါ်အုန်းလှိုင်
အသက်(၉၂)နှစ်
SPA /FMI Group of Companies ၏
Chairman Mr.Serge Pun (ခ)
ဦးသိမ်းဝေ၏ ချစ်လှစွာသောမိခင်ကြီး
Mrs. Olive Pun(ခ)ဒေါ်အုန်းလှိုင်
ကွယ်လွန်သွားသည့်အတွက်
ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ
ဝမ်းနည်းကြေကွဲရပါကြောင်း။

SPA(Myanmar) Co; Ltd.မိသားစု

ကန့်ကွက်နိုင်ပါသည်

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကင်းအိမ်ရာစခန်း၊ အမှတ်(၁) ရပ်ကွက်၊ တိုက်အမှတ်(၁၀၉)၊ အခန်းအမှတ်(၈)သည် ဦးထွန်းရင်အား ချထားပေးခဲ့သော အိမ်ခန်းဖြစ်ပါသည်။ ဦးထွန်းရင်သည် ၈-၃-၉၇ရက်နေ့က ကွယ်လွန်ခဲ့ပြီးဖြစ်ရာ ဖော်ပြပါအိမ်ခန်းအား ဦးထွန်းရင်အမည်မှ သားတစ်ဦးဖြစ်သူ ဗိုလ်မှူးမြဘူး(ငြိမ်း)အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာသည့်နေ့မှ(၁၅)ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)သို့ ခိုင်လုံသော အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း

Mrs. Olive Pun (ခ) ဒေါ်အုန်းလှိုင်
အသက်(၉၂)နှစ်
SPA /FMI Group of Companies ၏
Chairman Mr.Serge Pun (ခ)
ဦးသိမ်းဝေ၏ ချစ်လှစွာသောမိခင်ကြီး
Mrs. Olive Pun(ခ)ဒေါ်အုန်းလှိုင်
ကွယ်လွန်သွားသည့်အတွက်
ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ
ဝမ်းနည်းကြေကွဲရပါကြောင်း။

FMI Company Ltd.
Board of Directors နှင့်ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးသောင်းလှ
အသက်(၆၈)နှစ်
ကသာမန်းပွဲရုံ၊ မန္တလေး

High Power Wave Co.,Ltd မှ MD ဦးအောင်ညွန့်သောင်း၏ဖခင် ဦးသောင်းလှ အသက်(၆၈)နှစ်သည် ၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Director ဦးသန်းထွေး၊ ဦးတင်မောင်ဦး၊ ဦးဝင်းနိုင်နှင့်
High Power Wave Co.,Ltd မှ ဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း

Mrs. Olive Pun (ခ) ဒေါ်အုန်းလှိုင်
အသက်(၉၂)နှစ်
SPA /FMI Group of Companies ၏
Chairman Mr.Serge Pun (ခ)
ဦးသိမ်းဝေ၏ ချစ်လှစွာသောမိခင်ကြီး
Mrs. Olive Pun(ခ)ဒေါ်အုန်းလှိုင်
ကွယ်လွန်သွားသည့်အတွက်
ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ
ဝမ်းနည်းကြေကွဲရပါကြောင်း။

SPA/FMI Group of Companies
မိသားစု

အမည်ပြောင်း

အဘဦးသောင်းအေး၏သမီးမှတ်ပုံတင်အမှတ် [၁၂/ဒကန(နိုင်)၀၃၀၉၄၄] ကိုင်ဆောင်သူ မဝါဝါလင်းသီရိအား မအေးခန့်ဘုန်းပြည့်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးခန့်ဘုန်းပြည့်။**

အမည်ဖြည့်စွက်ခြင်း

အဘ ဦးလှဝင်း၏ သမီး မသူဇာအောင် [၁၂/ရပသ(နိုင်)၀၃၇၄၃၇] မြောက်ပိုင်းခရိုင်၊ ဒဂုံတက္ကသိုလ်၊ ဥပဒေ (တတိယနှစ်) အား မသူဇာအောင်(ခ) မမြတ်သူဇာအောင်ဟု ဖြည့်စွက်ခေါ်ပါရန်။

မသူဇာအောင်(ခ)မမြတ်သူဇာအောင်။

ရုပ်သိမ်းခြင်း

ပဲခူးမြို့၊ လိပ်ပြာကန် ၃၁လမ်း၊ အိမ်အမှတ် ၂၅၀နေ ဦးမြသောင်း[၇/ကဝန(နိုင်)၀၈၅၀၈၀]၊ ဒေါ်ရီသန်း[၇/ကဝန(နိုင်)၀၈၅၀၈၁]တို့၏သား မောင်ကျော်ကျော်အောင်[၇/ကဝန(နိုင်)၀၈၅၁၁၈]အား အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်းကို ရုပ်သိမ်းလိုက်ပါကြောင်း။

ဦးမြသောင်း-ဒေါ်ရီသန်း။

ကန့်ကွက်နိုင်ပါသည်

ယဉ်အမှတ် ဒ/၇၉၉၁ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်မိုးထွေး(ခ) မောင်စိုင်းမိုးထွေး [၁၃/ဖခန(နိုင်)၀၀၀၈၈၉]သည် မိဘဆုံးမခြင်းကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စများ လုံးဝတာဝန်မယူပါ။

ဒေါ်မြဆွေ
[၁၃/ဖခန(နိုင်)၀၁၃၀၃၈]။

ဝဏ္ဏကျော်ထင်ဦးထွန်းလွင်
အသက်(၇၅)နှစ်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

ရန်ကုန်မြို့၊၄၁/ဂ၊ မိုးစန္ဒာလမ်း၊ကမာရွတ်(၁)ရပ်ကွက်နေ (ဦးဘိုးနှစ်-ဒေါ်ရွှေညွှန့်)တို့၏သား၊ (ဦးဘိုးသော်-ဒေါ်ခမ်းလော်)(ကျောက်မဲသွေးဆေး)တို့၏သားသမက်၊ ဒေါက်တာဒေါ်ညွှန့်ညွှန့်အေး(မေ့ဆေး)(YGH-ငြိမ်း)၏ခင်ပွန်း၊ ဦးစိုင်းကျော်စိုးလွင်၊ ဒေါ်စဝ်နီလားရတ်၊ ဒေါ်နန်းမေတ္တာ-ဦးခင်ညို၊ ဒေါ်နန်းသစ္စာ(လသန-နိုင်ငံခြားရေး)-ဗိုလ်ကြီးအောင်နိုင်ဦးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ တောင်ကြီးမြို့နေ (ဦးထွန်းရင်)-ဒေါ်နန်းခမ်းလူ၊ ဦးလုစိန်၊ (ဒေါ်မြခင်)၊ ဒေါက်တာဦးထွန်းမြင့်-ဒေါ်စန်းစန်းမြင့်၊ ဦးသန်းထွန်း-ဒေါ်မြမြသောင်း၊ ဦးတင်မောင်ကြည်-ဒေါ်ညွှန့်ညွှန့်မေတို့၏ အစ်ကို ဝဏ္ဏကျော်ထင်ဦးထွန်းလွင်သည် သုခကမ္ဘာအထူးကုဆေးခန်း၊ နှလုံးအထူးကြပ်မတ်ဆောင်၌ ၇-၈-၂၀၀၄ရက်နံနက်၇နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၈-၂၀၀၄ရက် ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများညနေ၃း၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဝဏ္ဏကျော်ထင် ဦးထွန်းလွင်(၇၅)နှစ်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဝဏ္ဏကျော်ထင်ဦးထွန်းလွင်သည် ၇-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း
ဝဏ္ဏကျော်ထင် ဦးထွန်းလွင်(၇၅)နှစ်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးထွန်းလွင်သည် ၇-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစု
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန။

ဝမ်းနည်းကြေကွဲ ခြင်း

Mr. Martin Pun (Director) Myanmar Suzuki Motor Co., Ltd. ၏မိခင်ကြီး Mrs.Olive Pun(ခ)ဒေါ်အုန်းလှိုင် အသက်(၉၂)နှစ်သည် ၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

SPA Motorcycle Ltd.
Lwin and Swan Motor
Myo Motor
Aung Motor
Ye Nadi Motor

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်း EMPA(2nd batch) မှ ပညာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၏ မိခင် ဒေါ်မြင့်မြင့်(၈၁)နှစ်သည် ၂-၈-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်၊ဌာနမှူး၊ ဆရာ၊ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ။

နီတာ

ရောက်ရာအရပ်မှ အမြန်ဆုံးပြန်လာပါ၊အမေနှင့်သမီး နေမကောင်းဖြစ်နေသည်။

ကိစ္စအားလုံးအတွက်ကို ခွင့်လွှတ်သည်။ **အမေနဲ့သမီးလေး။**

ဒေါ်အုန်းမြ
အသက်(၈၇)နှစ်
(ညောင်တုန်း)

ညောင်တုန်းမြို့နေ (ဦးဘိုးသင်-ဒေါ်ရွှေဖော့)တို့၏ သမီးလတ်၊ (ဒေါ်အုန်းလှ)၏ ညီမ၊ ဒေါ်ရွှေတု၏ အစ်မ၊ ဦးခင်မောင်သိန်း-(ဒေါ်စန်း)၊ ဦးစိုးတင်-ဒေါ်ခင်ဝင်းကြည်၊ ဗိုလ်မှူးသိန်းထွန်း(ငြိမ်း)-ဒေါ်ခင်ဆွေတင့်၊ (ဦးထွန်းရီ-ဒေါ်ခင်မေဝင်း)၊ ဒေါက်တာအောင်လွင်ဦး၊ ဒေါက်တာခင်လင်းမော်တို့၏ အဒေါ်သည် ၇-၈-၂၀၀၄ ရက်တွင်ကွယ်လွန်ပါ၍ ၈-၈-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး
ဒေါ်ညိုခိုင်(၆၆)နှစ်
(ကျောက်တော်)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ တိုက်(၂၅) (၅)လမ်း၊ ဒုတိယထပ်၊သီရိမွန်ပလာဇာနေ ဦးအောင်စိန်ထွန်း၏ ချစ်လှစွာသောဇနီး၊ ကိုအောင်ထွန်းလင်း- မသက်နွယ်အေး၊ မသူဇာအောင်တို့၏ မိခင်၊ သက်အေးမွန်ထွန်း၊ သက်ဟေသီထွန်းတို့၏အဘွားသည် ၇-၈-၂၀၀၄(စနေနေ့)တွင် (SSC)ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၉-၈-၂၀၀၄(တနင်္လာနေ့) ညနေ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ၃နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ရဟန်းဒါယကာကြီး
ဦးလှသွင်
အသက်(၈၁)နှစ်

(ဦးချူးယုံ-ဒေါ်ချစ်ခင်)တို့၏သား၊ (ဦးပေါက်လင်-ဒေါ်အေးဖျော့)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ အမှတ်(၁၃၁၅)နေ ဒေါ်သန်းခင်၏ ခင်ပွန်း၊ (ဦးစန်းမောင်)-ဒေါ်မြသန်း၊ ဦးမောင်ကြည်-ဒေါ်အုံးမေ၊ ဦးစန်းလွင်-ဒေါ်အေးငြိမ်း၊ ဦးကွန်ပု-ဒေါ်တရုပ်မ၊ ဦးထွန်းလှိုင်-ဒေါ်လှလှစိန်၊ ဦးအောင်စိုး၊ ဦးဌေးဦး(တပ်မတော်ရေ၊ ငြိမ်း)-ဒေါ်ခင်စု(အမက-၅၊ဒေါပုံ)၊ ဦးကျော်မင်း-ဒေါ်သန်းသန်းဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၂၀ယောက်တို့၏ အဘိုးသည်၇-၈-၂၀၀၄ရက်တွင် ရွှေဗဟိုအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၉-၈-၂၀၀၄(တနင်္လာနေ့) နံနက်၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန်းတင် အသက်(၆၀)
ခ-ပ(၈)လိုင်း
က-ပ-ရ

ရန်ကုန်တိုင်း၊အမှတ်(၉)၊ ဇမ္ဗူသီရိ(၂)လမ်း၊(၃၂)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းနေ (ဦးခင်မောင်ဝင်း)-ဒေါ်သောင်းတို့၏သား၊ (ဦးလှရှိန်-ဒေါ်စန်းကြည်)တို့၏ သားသမက်၊ (ဒေါ်အေးမြင့်)က-ပ-ရ အဝေးပြေး၏ ခင်ပွန်း၊ မသူဇာတင်၊ ကိုသိန်းဦးလှိုင်-မကေသီတင်၊ ကိုအောင်အောင်သန့်ဇင် - မတင်ဇာဖြူတို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၆-၈-၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၈-၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၄၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး
ဒေါ်သန်းကြည်(ခ)
ဒေါ်ကြည်(၈၄)နှစ်
(ဝါးခယ်မ၊ စပါးရိ)

ဝါးခယ်မမြို့နေ(ဦးဘကွန်း-ဒေါ်မယ်ဝန်)တို့၏သမီးကြီး၊ [ဦးလှကြိုင် (အစိုး)-ဒေါ်လှယုံ]၊(ဦးဘိုကေ-ဒေါ်လှကြည်)တို့၏အစ်မ၊ ရန်ကုန်မြို့၊အမှတ်(၃/က)၊ မိုးကောင်းဝင်း၊ အရာရှိရိပ်သာနေ ဦးဘစိ(ရေအားလျှပ်စစ်ဦးစီး) - ဒေါ်ရင်ဆွေ(စီမံကိန်းရေးဆွဲရေးဦးစီး)၊ ဒေါ်ရင်မေ(အမက၊ ဘုရားကြီးလမ်း၊ ဝါးခယ်မ)၊ ဦးစံဦး(ကကငွေ) - ဒေါ်ငြိမ်းအေး(ကကငွေ)၊ဦးစံထူး(အကျဉ်းဦးစီးဌာန)-ဒေါ်ကြည်ကြည်စိန်၊ ဦးလှမင်း(မြို့နယ်ပညာရေးမှူးရုံး) - ဒေါ်ကြူကြူ(ဆည်မြောင်းဦးစီး)၊(ဒေါ်သန်းသန်းအေး)၊ ဒေါ်မြမြလွင်(အထက-၂၊ ဝါးခယ်မ)တို့၏ကြီးကြီး၊ မြေး၁၀ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၇-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၈-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်လှကြည်(၇၃)နှစ်
(မင်းလှ)

ပဲခူးတိုင်း၊မင်းလှမြို့၊ ဆုတောင်းပြည့်ရပ်ကွက်နေ သဘာဝဓမ္မဆရာကြီး(ဦးဘရီ)၏ဇနီး၊ သစ်တူးအိုင်ကျေးရွာနေ ဦးအောင်လှိုင်-ဒေါ်မြကြည်တို့၏ အစ်မ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၈)၊ဗိုလ်မိုးလမ်း၊မြေနီကုန်းနေ ဦးဝင်းမောင်-ဒေါ်စန်းစန်းရီ၊ မင်းလှမြို့၊ မင်းတန်းလမ်းနေ ဦးဝင်းမြင့်(တရားရုံးချုပ်ရှေ့နေ)-ဒေါ်သန်းသန်းအေး၊ ဦးမျိုးညွှန့်-ဒေါ်ဝင်းတို့၏ မိခင်၊ မြေး၁၀ယောက်တို့၏ အဘွားသည် ၇-၈-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၉-၈-၂၀၀၄(တနင်္လာနေ့)မွန်းတည့်၁၂နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်၁၈၊ ဗိုလ်မိုးလမ်းနေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်းတင့် အသက်(၇၀)
မန်နေဂျာ-ငြိမ်း၊
မြန်မာ့အာမခံလုပ်ငန်း

တောင်ကြီးမြို့နေ (ဦးသန်း-ဒေါ်အေးတင်)တို့၏သမီး၊ မန္တလေးမြို့နေ (ဦးဘစိန်း-ဒေါ်ကြည်ကြည်) (ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်)တို့၏ သမီးချွေးမ၊ (ဒေါက်တာဦးတင်အေး)၏ချစ်လှစွာသောဇနီး၊ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊(၁၀၁)လမ်း၊အမှတ်(၁၀၂)၊ အခန်း(၇)နေဦးနိုင်ဝင်း(လ/ထဌာနမှူး၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ Y.C.D.C)-ဒေါ်ချိုမာအေး(အထပြ၊ငြိမ်း)၊ ညောင်ဦးမြို့နေ ဒေါက်တာဦးသန်းနိုင်-ဒေါက်တာဒေါ်ခင်မြင့်မြင့်စိုး(နောင်ရိုးကြက်မွေးမြူရေး)၊ ရန်ကုန်မြို့နေ ဦးနိုင်လွင်(Fortune Int'l Ltd.)-ဒေါ်မူမူလွင် (လ/ထကထိက၊ သတ္တဗေဒဌာန၊ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ကျော်မျိုးဟိန်း (3rd M.B,၊ မန္တလေးဆေးတက္ကသိုလ်)၊ မရွှေရည်နိုင်ဝင်း (1st year. English Major. Y.U.F.L)၊ မောင်အောင်ဘုန်းပြည့် (ထ-၅၊ ဗိုလ်တထောင်)၊ မောင်ရဲဝံ့နောင် (ထ-၁၊ညောင်ဦး)တို့၏ အဘွားသည် ၇-၈-၂၀၀၄(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၉-၈-၂၀၀၄(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်တင်မောင်ဆွေ(၃၃)နှစ်
B.A (History) Japanese (UFL)
CDC No-51323
O/S-(MT-SETIA JAYA)
SAMTA Shipmanagenent
Pte., Ltd(Snigapore)

(ဦးထွေး-ဒေါ်မြခင်)၊ (ဦးမြိုင်-ဒေါ်စိန်မြ)တို့၏မြေး၊ ရန်ကုန်မြို့၊ အမှတ်(၅၆)၊ (၁)လမ်း၊ ကေတုမာလာရိပ်သာ၊ (၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ ဦးချစ်ဆွေ(လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန၊ နစခ-၃၊ ကော့သောင်း)-ဒေါ်တင်တင်ဝင်းတို့၏ ချစ်လှစွာသောသား၊ ဒေါ်ညွှန့်ရီ၊ ဗိုလ်ကြီးကျော်ဝင်း(ဒု/ညွှန်မှူး၊နတလဦးစီးဌာန)-ဒေါ်စိုးစိုးသိန်း(အလညဦးစီးဌာန) တို့၏တူ၊ မမာလာဆွေ(B.Sc, Physics)(MPA-သုခဆောက်လုပ်ရေး)၏ ချစ်လှစွာသောအစ်ကိုသည် ၂၃-၇-၂၀၀၄ရက်တွင် သီရိလင်္ကာနိုင်ငံအနီးပင်လယ်ပြင်၌ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၉-၈-၂၀၀၄(တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀း၄၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

Mrs.Olive Pun
(ဒေါ်အုန်းလှိုင်)
အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ (Mr.Lee Woot Tong-Mrs. Wong Chot)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ FMI City၊ ရွှေသရဖီလမ်းမကြီး၊ အမှတ်-H-77Aနေ (Mr.Yat Sun Pun)၏ဇနီး၊ Ms.Patricia Pun၊ Mrs. Vivian Lim (ဦးစိန်ထွန်း)၊ Mrs.Suzanne Pun-ဦးဇော်မင်းသွင်၊ Mr.Martin Pun-Mrs. Adorn Pun၊ Mr.Serge Pun(ခ) ဦးသိမ်းဝေ၊ Mrs.Rosa Punတို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်သုံးယောက်တို့၏ အဘွား Mrs.Olive Pun(ခ)(ဒေါ်အုန်းလှိုင်)သည် ၆-၈-၂၀၀၄ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၀၄(အင်္ဂါနေ့)နံနက်၉း၃၀နာရီတွင် St.Augustine Church အင်းယားလမ်း၌ ဝတ်ပြုကိုးကွယ်ပြီး မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ [St.Augustine Church နှင့် FMI Centre မှ နံနက်၁၁နာရီနှင့် အမှတ်(၁)၊ Finger Lake,FMI cityမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

Mrs. Olive Pun (ဒေါ်အုန်းလှိုင်)
အသက်(၉၂)နှစ်

အထက(၆)ဗိုလ်တထောင်(စိန်ပေါလ်)ကျောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက Mr. Serge Pun(ခ) ဦးသိမ်းဝေ၏မိခင်ဖြစ်သူ Mrs. Olive Pun သည် ၆-၈-၂၀၀၄ရက်က ကွယ်လွန်ပါ၍၁၀-၈-၂၀၀၄(အင်္ဂါနေ့) နံနက်၉း၃၀ နာရီတွင်အင်းယားလမ်း St. Augustine Church၌ ဝတ်ပြုကိုးကွယ်ပြီး မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ အထက(၆)ဗိုလ်တထောင်(စိန်ပေါလ်)ကျောင်းပညာရေးမိသားစုများအား သိစေအပ်ပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့

အထက(၆)၊ ဗိုလ်တထောင်(စိန်ပေါလ်)ကျောင်း။

ဘုရား၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး
ဒေါ်ကျင်စိန်(ကံဘဲ့)
အသက်(၈၄)နှစ်

လပွတ္တာမြို့နယ်၊ ကံဘဲ့ကျေးရွာနေ (ဦးဖုံ-ဒေါ်ကျင်မြိုင်)တို့၏ သမီး၊ (ဦးလျှန်ဆောင်)၏ဇနီး၊ (ဦးစိန်ဝင်း)-ဒေါ်စန်းမြိုင်၊ ဦးလှဝင်း-ဒေါ်ခင်ဝင်း၊ ဦးကံညွှန့်-ဒေါ်ခင်အေးမြင့်တို့၏ မွေးသမိခင်၊ မဖြူဖြူဝင်း-မောင်ကျော်လတ်၊ မောင်အောင်ဇော်ဝင်း၊ မစုစုဝင်း၊ မကြူကြူဝင်း၊ မောင်သန်းဇော်ဝင်း၊ မမူမူဝင်း၊ မောင်ထွန်းနိုင်ဝင်း၊ မအေးပပဝင်း၊ မဇင်မာဝင်း၊ မသဇင်ညွှန့်၊ မောင်ကျော်ဇင်ညွှန့်၊ မမေဇင်ညွှန့်တို့၏ အဘွားသည် ၇-၈-၂၀၀၄(စနေနေ့)တွင် ဗဟိုစည် အထူးကုဆေးခန်း၌ ကွယ်လွန်သွားကြောင်း။(မီးသင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း
ဒါယိကာမကြီး
ဒေါ်သင်းကြည်(၆၉)နှစ်
(သန်လျင်)

သန်လျင်မြို့၊ပဲခူးစုရပ်ကွက်၊ ဘုရားလေးလမ်း၊ အမှတ်(၃၀)နေ(ဦးသန်းရွှေ-ဒေါ်မြရင်)တို့၏ သမီး၊ ဦးလှသန်း(ကေသရာဇာကုန်စုံဆိုင်၊ မြို့မဈေး၊ သန်လျင်)၏ ဇနီး၊ (ဦးဘသွင်)-ဒေါ်စုစု၊ ဗိုလ်မှူးမောင်အေး-ဒေါ်ဌေးဌေးတို့၏ညီမ၊ ဦးမောင်သိန်း၊ ဦးတင်မြင့်-ဒေါ်စိန်စိန်တို့၏အစ်မ၊ ကိုအောင်ကျော်-မအေးအေးတင့်၊ ဦးနေဌေးအောင်-ဒေါ်နွယ်နွယ်သန်း (ထော်ဝက်၊ အမက)၊ ကိုဇော်မင်းသန်း-မထွေးထွေး၊ မခင်ခင်သန်းတို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည်၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၈-၈-၂၀၀၄(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ သန်လျင်ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်သန်းတင်(ခ)ဒေါ်ရှမ်း
အသက်(၆၀)

လားရှိုးမြို့နေ (ဦးအောင်မြတ်-ဒေါ်ရွှေဟင်)တို့၏ သမီးကြီး၊ မြန်အောင်မြို့၊ အမှတ်(၅) ရပ်ကွက်၊ တာဝတိံသာလမ်းမ၊အမှတ်(၈၄)နေ ဦးခင်မောင်ရင်၏ဇနီး၊ လားရှိုးမြို့နေ ဒေါ်နန်းလှရင်၊ မန္တလေးမြို့နေ (နန်းသန်းနု)၊ ပြည်မြို့နေစိုင်းထွန်းမြင့်-ဒေါ်မိုးကြည်၊ လားရှိုးမြို့နေ စိုင်းအောင်မြင့်-နန်းအေးအောင်၊ ဦးတင်မြိုင်-ဒေါ်နန်းရွှေယုံတို့၏အစ်မကြီးသည် ၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၈-၈-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် အထက်ပါနေအိမ်မှ သရက်တစ်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမောင်နှမတစ်စု။

မညွှန့်ညွှန့်မြိုင်(၃၅)နှစ်
ငွေစာရင်းဌာန၊ဗဟိုအမျိုးသမီးဆေးရုံကြီး

ရန်ကုန်မြို့၊ ဗဟိုအမျိုးသမီး ဆေးရုံဝင်းနေ (ဦးညိုလှိုင်-ဒေါ်သိန်းလှ)တို့၏ သမီး၊ (ဦးအောင်စ-ဒေါ်ခင်ဝင်း)တို့၏ သမီးချွေးမ၊ အမှတ်(၂၉)၊ ဦးလူကလေးလမ်း၊ အလုံမြို့နယ်နေ ကိုမောင်မောင်အောင်၏ချစ်လှစွာသောဇနီး၊ မောင်ပိုင်မင်းဟိန်း(အထက-၁၃ဒဂုံ၊ IX)၊ မစုမြတ်ပိုင်(အထက-၃၊ဒဂုံ၊ IV) ၊ မောင်ကျော်စုသွေး(ခ)မောင်ကောင်းမြတ် (ခရစ်တော်မက်သဒစ်အသင်းတော် ရန်ကုန်နေ့ကလေးထိန်းဌာန)တို့၏ မွေးသမိခင်၊ ဦးသိန်းလှိုင်-ဒေါ်သန်းရီ၊ ဦးကျော်သိန်း-ဒေါ်လှဝင်း၊(ကိုအေး)၊မောင်စိန်ထွန်းတို့၏ ညီမ၊ မောင်ထွန်းလွင်၏ အစ်မ မညွှန့်ညွှန့်မြိုင်သည် ၇-၈-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး သွေးရောဂါဌာန၌ ကွယ်လွန်ပါ၍ ၉-၈-၂၀၀၄(တနင်္လာနေ့)မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၁း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်(၈၁)နှစ်
(မအူပင်)

မအူပင်မြို့နေ (ဦးဖိုတ်-ဒေါ်ကြွားမယ်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးသိန်းနု)-ဒေါ်သန်းတို့၏ ညီမ၊ ရန်ကုန်မြို့၊ အမှတ်(၃၉)အေ၊ နှင်းဆီကုန်းလမ်း၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံမြို့နယ်နေ(ဦးခင်မောင်၊မီးရထား ငွေစာရင်းစစ်၊ ငြိမ်း)၏ဇနီး၊ ဦးတင်ဝင်း(လဝက ငြိမ်း)-ဒေါ်ခင်ဝင်းမြင့်၊ ဦးခင်ဝင်း-ဒေါ်တင်ဝင်း၊ ဦးမြင့်ဝင်း-ဒေါ်ချိုချိုမြင့်၊ ဒုရဲမှူးသဏ်ာဝင်း(မန္တလေးတိုင်း)-ဒေါ်မာရီမြင့်၊ ဒေါ်ခင်မေအေး-ဦးသောင်းအေး၊ (ဦးရွှေဇင်)-ဒေါ်ဌေးစိန် (လဝက-မ/ဥက္ကလာပ)၊ ဦးဇင်ဝင်း-ဒေါ်ခင်ခင်ပြုံး၊ ဒေါ်ခင်မေဇင် - ဦးဌေးဝင်း(လဝက-မြိတ်)၊ ဒေါ်ခင်နုရီ(လဝက-မန္တလေး)-ဦးချမ်းရီ၊ ဗိုလ်မှူးမောင်မောင်မြင့်(ပင်လုံ)-ဒေါ်နီလာထွန်း (အလက-ပင်လုံ)၊ ဒေါ်ခင်သန့်ဇင် (စည်ပင်၊အလုံ)-ဦးဇော်ဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး၂၆ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီး ဒေါ်တင်တင်သည် ၇-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၈-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူသားသမီးများ။

ဦးမြတ်စိုး (မောင်ထွေး)
အသက်(၆၇)နှစ်
မုရစ်ကြီးကျေးရွာ

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ် မုရစ်ကြီးကျေးရွာနေ (ဦးပါကြီး-ဒေါ်စိန်)တို့၏ သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ဇေယျဝတီ(၂)လမ်း၊ (၁၀)တောင်၊ (၁၃)ရပ်ကွက်၊ အမှတ်(၂၁၂၃/ခ)နေ ဒေါ်သန်းရွှေ၏ ခင်ပွန်း၊ ကိုကြည်အေး-မဝင်းဝင်းသန်း၊ ကိုရဲထွန်း-မအိအိနိုင်၊ ကိုအေးချို-မခိုင်ဇင်ယုတို့၏ ဖခင်၊ မဇင်မေထွန်း၊မအေးမြတ်မွန်တို့၏ အဘိုးသည် ၆-၈-၂၀၀၄(သောကြာနေ့)တွင် ကွယ်လွန်ပါ၍ ၁၀-၈-၂၀၀၄ (အင်္ဂါနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှလှမြင့်(၅၅)နှစ်
(သမိုင်း)

ရန်ကုန်မြို့၊အမှတ်(၈၆)၊ဘုရားလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးထွန်းရီ-ဒေါ်စန်းမြင့်)တို့၏သမီး၊ ဦးနေအောင်(အထွေထွေမန်နေဂျာ၊ ငြိမ်း၊ အမှတ်၃၊ သတ္တုတွင်းလုပ်ငန်း)၏ ဇနီးသည် ၇-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉-၈-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သူရဲသမိန်သုဓမ္မာမဟာနိကာယအကျိုးတော်ဆောင်
သူရဲသမိန်ရွာ မင်္ဂလာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်
ဘဒ္ဒန္တ ဥေယျ
သိက္ခာတော်(၅၆)ဝါ၊ သက်တော်(၈၂)နှစ်

ပဲခူးတိုင်း၊ဝေါမြို့နယ်၊ သူရဲသမိန်ရွာ၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တ ဥေယျ အရှင်မြတ်သည် (၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၄ရက်)၊ ၄-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ၂း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်)၊ ၈-၈-၂၀၀၄(တနင်္ဂနွေနေ့)တွင် စံကျောင်းချပူဇော်ပြီး (ဝါခေါင်လဆန်း ၇ရက်)၊ ၂၂-၈-၂၀၀၄(တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

သူရဲသမိန်ရွာတပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဒေါ်ရင်မြင့်(၇၅)နှစ်
(စံရိပ်ငြိမ်ဆောင်၊ပုသိမ်မြို့)

ဧရာဝတီတိုင်း၊ ပုသိမ်မြို့၊ အမှတ် (၂၄၀၁)၊အနော်ရထာလမ်း၊ စံရိပ်ငြိမ်ဆောင်နေ (ဦးအုန်းရွှေ-ဒေါ်အမာ)တို့သမီး၊(ဦးလှတင်)၏ဇနီး၊ ဦးတင့်အောင်-ဒေါ်အုန်းကြည်တို့၏ညီမ၊ ဦးမောင်ကို-ဒေါ်သန်းသန်း၊ (ဦးလေးမြင့်)-ဒေါ်မေတင်တို့၏ အစ်မ၊ ဦးထွန်းရီ (တရားရုံးချုပ်ရှေ့နေ)-ဒေါ်အေးအေးသင်း(အမက-၄၊ ကိုးသိန်း)၊ ဦးခင်မောင်ကြီး(ထောင်ပိုင်၊ တမူးမြို့)- ဒေါ်ဌေးဌေးသင်း(မှန်စက်ရုံ-ငြိမ်း)၊ ဗိုလ်ကြီးအေးနိုင်(ရေ/ငြိမ်း) (Master-F.G)- ဒေါ်လှသဇင်၊ ဦးကိုကိုနိုင်(Conning Shipping Co., Hong Kong)-ဒေါ်အေးအေး၊ ဒေါ်နွဲ့နွဲ့အေး(စံရိပ်ငြိမ်စတိုး) ၊ဦးမြင့်ဆန်းအောင် (3/E Chart World. Co.,)-ဒေါ်မြင့်သန်းတင်၊ ဦးကျော်စိုးမိုး (2/O Thoresen Co.,) ၊ ဒေါ်ရည်ရည်မွန်(စံရိပ်ငြိမ်ဆောင်)တို့၏ ကျေးဇူးရှင် မိခင်၊မြေး၁၂ယောက်၊မြစ်တစ်ယောက် တို့၏အဘွား ဒေါ်ရင်မြင့်သည် ၇-၈-၂၀၀၄(စနေနေ့)နံနက် ၆း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၉-၈-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် သရောင်းချောင်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး
ဦးထွန်းရင်ဦး(၆၈)နှစ်
(ရမ်းဗြဲ၊ ကျောက်နီမော်)

၃-၈-၂၀၀၄ (အင်္ဂါနေ့)တွင် ကွယ်လွန်ခဲ့သော ရွှေဗဟိုရ်စည် မိသားစု၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းရင်ဦး မကွယ်လွန်မီ ဂရုတစိုက်စောင့်ရှောက်ကုသပေးခဲ့ကြသော အဆုတ်နှင့် ရင်ခေါင်း အထူးကုဆရာဝန်ကြီးနှင့်အာရုံကောဝင် နှလုံးအထူးကြပ်မတ်ကုသဌာနမှ ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ၅-၈-၂၀၀၄ (ကြာသပတေးနေ့)တွင် ဖခင်ကြီး၏ ဈာပန ကိစ္စအဝဝအားအဘက်ဘက်မှ အားပေးကူညီခဲ့ကြသူများ၊ လိုက်ပါပို့ဆောင်သူများ၊ လွမ်းသူ့ပန်းခြင်းပေးပို့သူများ၊ တယ်လီဖုန်း၊ ကြေးနန်း၊ အီးမေးလ်တို့ဖြင့် နှစ်သိမ့်အားပေးကူညီခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်းနှင့်ကွယ်လွန်သူကျေးဇူးရှင်ဖခင်ကြီးအားရည်စူး၍ ၉-၈-၂၀၀၄ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီတွင် ရက်လည် ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ အမှတ်(၇)စီ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်တင်မေ
အသက်(၈၇)နှစ်
(နိဗ္ဗာန်ရွာ၊ကဝမြို့)

(ဦးဘသင်-ဒေါ်အေးခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ တိုက်(၄)၊အခန်း(၇)၊စံပြဖဆပလ ရပ်ကွက်နေ (ဦးအောင်ခင်)၏ဇနီး၊ ဦးဌေးအောင်-ဒေါ်တိုးတိုးရီ၊ ဦးမြင့်သန်း(C/E SW Fisheries Group Co., Ltd. BKK)-ဒေါ်အေးအေးမြင့်၊ဒေါ်လှလှမြင့်(JAT၊ အထက-၂၊ဒလ)၊ (မောင်လှကြိုင်)၊ မောင်သိန်းနိုင်-မနန့်ဇီခေးလာတို့၏ မိခင်၊မြေး၁၀ယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၇-၈-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၉-၈-၂၀၀၄ (တနင်္လာနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
ဒါယိကာမကြီး
ဒေါ်ခင်အောင်
အသက်(၆၁)နှစ်
(စစ်တွေ၊ မာန်အောင်)

စစ်တွေမြို့နေ (ဦးဘလူးအောင်-ဒေါ်ပုမ)တို့၏ သမီးကြီး၊ (ဦးလှအောင်)-ဒေါ်လှမြသူတို့၏ သမီး ချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၈)ပ-ထပ်၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးဦးထွန်းဝေ(ဒု-ညွှန်မှူး၊ငြိမ်း၊ ရေအရင်းအမြစ် အသုံးချရေးဦးစီး)၏ ဇနီး၊ ဦးထွန်းမင်းဦး-ဒေါ်ခင်နန္ဒာစိန်၊ ဒေါ်ခင်ဥမ္မာထွန်း-ဦးခင်အောင်ဖြူ၊ မခင်ယဉ်ယဉ်ထွန်းတို့၏ မိခင်၊ မဆုဝတီ၊ မောင်အောင်ရဲခန့်တို့၏ အဘွားသည် ၇-၈-၂၀၀၄ (စနေနေ့) နံနက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၉-၈-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ ဗဟန်းနေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအင်ဒရာဗဟာဒူး
အသက်(၇၅)နှစ်
အမှတ်(၁)၊ အထည်စက်ရုံ(ငြိမ်း)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်(၇၆၇)နေ ဒေါ်ရာသီကား၏ ခင်ပွန်း၊ ကိုဥာဏ်ထွန်း(ရေခဲစက်)၊ မစန်းသီ၊ မမာလာ(အထည်ချုပ်)၊ မစန်းရီ(CBM)၊ မောင်ဖေလှိုင်တို့၏ ကျေးဇူးရှင်ကျွေးသဖခင်သည် ၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၈-၈-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်မိုးလှိုင်(၃၅)နှစ်
CDC NO-38576
E/E (MT. Setia Jaya)
SAMTA Shipmangement
Pte,Ltd (Singapore)
A.G.T.I (E.P)
G.T.I(INSEIN-1994)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၇)၊ ဦးအောင်မင်းလမ်းနေ (ဦးတင်လှိုင်)-ဒေါ်တင်ရီ တို့၏ သားထွေး၊ ဦးကျော်ဇင်(ဒုတိယ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံးခွဲ၊ မန္တလေးတိုင်း)-ဒေါ်ခင်ဝေတို့၏ သားသမက်၊ [ဦးဇင်ဝေ(ခ)ကဗျာဆရာဇော်ထက်]-ဒေါ်ကြည်ကြည်ဝင်း၊ဦးမြင့်တိုး-ဒေါ်ဝေဝေ၊(ဦးတင်မင်း)တို့၏ညီငယ်၊ မအေးသွဲ့သွဲ့ဇင်၏ ခင်ပွန်း၊ မဆုသံလွင်လှိုင်၏ ချစ်လှစွာသောဖခင်၊ ကိုအနော်ရထာ ဇော်ထက်၊ ကိုလှိုင်းသစ်ဇင်ဝေ၊ မောင်ရဲရင့်မင်းခန့်၊ မောင်သန်းတေဇ၊ မသုဇာဏလှိုင်တို့၏ ဦးလေးသည် ၁၈-၇-၂၀၀၄ (တနင်္ဂနွေနေ့)တွင်သီရိလင်္ကာနိုင်ငံအနီး ပင်လယ်ပြင်၌ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်ပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၉-၈-၂၀၀၄(တနင်္လာနေ့) နံနက်၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ကြွင်းကျန်ရစ်သော အရိုးပြာအိုးကို ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၀၄ (ကြာသပတေးနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] နေအိမ်မှကားများ နံနက် ၉နာရီထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်

ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး Mr. Prommin Lertsuridej နှင့်အဖွဲ့အား ယနေ့ ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဝင်းအောင်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Opas Chantarasap နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာနဝန်ကြီး Mr. Prommin Lertsuridej က ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Mr. Prommin Lertsuridej နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး မြန်မာ–ထိုင်း နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး စာချုပ်များလဲလှယ်

ရန်ကုန် ဩဂုတ် ၇

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံအစိုးရ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E.Mr. Prommin Lertsuridej ဦးဆောင်သော ထိုင်းနိုင်ငံစွမ်းအင်ကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

ဆွေးနွေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E.Mr. Prommin Lertsuridej တို့ ဦးဆောင်သောတာဝန်ရှိသူများသည် နံနက် ၁၀နာရီခွဲတွင် အင်းလျားကန်ဟိုတယ် Elephant Room၌ တွေ့ဆုံကာ နှစ်နိုင်ငံစွမ်းအင် ကဏ္ဍအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍အင်းလျားကန်ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပသော ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးဆိုင်ရာ စာချုပ်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍနှင့် စွမ်းအင်ချွေတာရေးဆိုင်ရာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးဦးသောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E.Mr.Prommin Lertsuridej နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံ PTTEP International Limited တို့၏ မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် အမ်–၃နှင့် အမ်–၄တို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးဆိုင်ရာ စာချုပ်များနှင့် မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံစွမ်းအင် ဝန်ကြီးဌာနတို့၏ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍနှင့် စွမ်းအင်ချွေတာရေးဆိုင်ရာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာတို့ကို နှစ်နိုင်ငံ တာဝန်ရှိသူတို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များ အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့် အမိန့်ကြော်ငြာစာကိုလည်းကောင်း၊ **စာမျက်နှာ ၃ ကော်လံ ၄ သို့** ✧

အာရှဖလားဘောလုံးပွဲ လက်ရှိချန်ပီယံ ဂျပန်ဗိုလ်စွဲ အိမ်ရှင်တရုတ်က ဒုတိယ၊ အီရန်က တတိယရရှိ

ရန်ကုန် ဩဂုတ် ၇

၂၀၀၄ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပရာ လက်ရှိချန်ပီယံ ဂျပန်ဘောလုံးအသင်းက အိမ်ရှင်တရုတ်ဘောလုံးအသင်းကို အနိုင်ရ ဗိုလ်စွဲသွားသည်။

ပထမပိုင်းတွင် တစ်ဂိုးစီ သရေဖြစ်နေပြီး ဂျပန်အသင်းအတွက် အနိုင်ဂိုးများကို ၆၅ မိနစ်နှင့် မိနစ် ၉၀ တို့၌ သွင်းယူခဲ့၍ လက်ရှိချန်ပီယံ ဂျပန်အသင်းက တရုတ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ယမန်နေ့က ကျင်းပသည့် တတိယနေရာလုပွဲတွင် အီရန်အသင်းက ဘာရိန်းအသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရကာ တတိယရသွားသည်။ (ကြေးမုံ)

မြန်မာ–အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ တတိယပွဲစဉ်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် အိန္ဒိယနိုင်ငံ မိုဟမ်ဘာဂမ်အသင်းတို့ ဩဂုတ် ၇ ရက်က ယှဉ်ပြိုင်ကစားကြရာ အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှ ဘိုဘိုအောင်၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို မိုဟမ်ဘာဂမ် နောက်ခံလူနှစ်ဦး ပိတ်ဆို့ဟန့်တားစဉ်။
(သတင်း–၁၃) ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)